WWW.DHAMMARANSI.COM

ဓမ္မဗျူဟာသာသနမာမကအဖွဲ့

လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း

# အခြေခံပဋ္ဌာန်းသင်တန်း
# မှတ်စု

သင်တန်းမှူး

ဓမ္မဗျူဟာ - ဒေါ်ခင်လှတင် ( မဟာသဒ္ဓမ္မဇောတိကဓဇ )

WWW.DHAMMARANSI.COM

# သဗ္ဗညုတဉာဏ်တော်အစွမ်း

* သိရန်မှန်က မကျန်ရအောင်
လုံးဝစုံလင် အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

* သိသည့်တရား များအပြား၌
ဟောထားစဖွယ် နည်းသွယ်သွယ်ကို
ခြယ်လှယ်စုံလင် အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

* ကျွတ်ထိုက်ကြပေ များဝေနေ၏
ဣန္ဒြေစရိုက် သူ့အကြိုက်ကို
နှိုက်ချွတ်စုံလင် အကုန်မြင်
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

* သဗ္ဗညုဉာဏ်အား စွမ်းသုံးပါးကြောင့်
အများဝေနေ ကျွတ်လွတ်စေဖို့
မနေမနား သက်တော်အားဖြင့်
ကြီးမားလေဘိ ရှစ်ဆယ်ပြည့်၍
ပရိနိဗ္ဗာန် စံသည့်တိုင်အောင် သယ်ယူဆောင်
ဘုန်းခေါင် .... ငါတို့ဘုရားတည်း။

တောင်မြို့-မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

"ကောင်းမွန်" ကွန်ပျူတာ အမှတ် - ၁၁၄၊ ၃၄ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ : ၃၈၉၀၂၃, ၀၉၅၁၆၀၁၀၁

WWW.DHAMMARANSI.COM

ဓမ္မဗျူဟာသာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း

# အခြေခံပဋ္ဌာန်းသင်တန်း
# မှတ်စု

သင်တန်းမှူး
ဓမ္မဗျူဟာ - ဒေါ်ခင်လှတင် ( မဟာသဒ္ဓမ္မဇောတိကဓဇ )

WWW.DHAMMARANSI.COM

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# မဟာပဋ္ဌာန်းကျမ်းတော်ကြီးကို ရှိခိုးပါ၏

**နာနာပ္ပကာရဋ္ဌာနာနိ၊ ဟေတုတာနေတ္ထ မုနိနာ။**
**အနန္တနယပဋ္ဌာနံ၊ ဝန္ဒေ အနန္တဂေါစရံ။**

**ဧတ္ထ** - ဤအနန္တနယသမန္တပဋ္ဌာန်းကျမ်းတော်ကြီး၌၊ **မုနိနာ** - မုနိထွတ်တင် ဘုရားရှင်သည်၊ **နာနာပ္ပကာရ-ဋ္ဌာနာနိ** - ဟေတုအာရမ္မဏ စသည်များစွာ အကြောင်းအရာတို့ကို၊ **ဟေတုတာနိ** - သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် များလှဝေနေ သိစေတော်မူခဲ့လေပြီ၊ **အနန္တဂေါစရံ** - အဆုံးမရှိ ကုန်အောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာဖြစ်တော်မူသော၊ **တံ အနန္တနယပဋ္ဌာနံ** - များမြောင်ပေါရယ် နည်းစုံကြွယ်သား ကြီးကျယ်မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို၊ **ဝန္ဒေ** - တစ်သက်တစ်ခါ ကြုံခဲ့စွာမို့၊ ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုးကန်တော့ပါ၏ဘုရား။

**တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး**

## အခြေခံပဋ္ဌာန်းသင်တန်း –၂၀၁၁ ခုနှစ်

## ပဋ္ဌာန်း ၂၄-ပစ္စည်း အကျဉ်း
## (ပစ္စယဥဒ္ဒေသ)

၁။ **ဟေတုပစ္စယော** - ဟိတ်(အကြောင်းခံ မူလ) သဘောဖြင့် ကျေးဇူးပြုတတ်သောတရား။
(ရေသောက်မြစ်ဥပမာ)

၂။ **အာရမ္မဏပစ္စယော** - အာရုံသဘောဖြင့် (စိတ်ကို ပျော်မွေ့စေသောသဘောဖြင့်) . . . . . .
(ကြိုးတန်း-တောင်ဝှေးဥပမာ)

၃။ **အဓိပတိပစ္စယော** - အကြီးအမှူးသဘောဖြင့် . . . . . . (စကြာမင်းအုပ်စိုးပုံ ဥပမာ)

၄။ **အနန္တရပစ္စယော** - အခြားမဲ့ (တစ်ဆက်တည်း အကြားမရှိ) သဘောဖြင့်. . . . .
(စကြာမင်းနတ်ရွာစံ-သားကြီးနန်းရ ဥပမာ)

၅။ **သမနန္တရပစ္စယော** - ကောင်းစွာ အခြားမဲ့သဘောဖြင့် . . . .
(စကြာမင်းတောထွက် သားကြီးနန်းရ ဥပမာ)

၆။ **သဟဇာတပစ္စယော** - အတူတကွဖြစ်ခြင်းသဘောဖြင့် . . . (ဆီမီးနှင့် အလင်းရောင် ဥပမာ)

၇။ **အညမညပစ္စယော** - အချင်းချင်းအပြန်အလှန်သဘောဖြင့် (သုံးချောင်းထောက် ဥပမာ)

၈။ **နိဿယပစ္စယော** - မှီရာသဘောဖြင့် . . . . . . . . . . . . (မြေကြီး ဥပမာ)

၉။ **ဥပနိဿယပစ္စယော** - အားကြီးသော မှီရာသဘောဖြင့် . . . . (မိုးရေ ဥပမာ)

၁၀။ **ပုရေဇာတပစ္စယော** - ရှေး၌ (ကြိုတင်) ဖြစ်နှင့်သော သဘောဖြင့် . . (နေ, လ ဥပမာ)

WWW.DHAMMARANSI.COM


**၁၁။ ပစ္ဆာဇာတပစ္စယော** - နောက်မှဖြစ်သော သဘောဖြင့် ....... (လင်းတငယ် ဥပမာ)
**၁၂။ အာသေဝနပစ္စယော** - အဖန်တလဲလဲမှီဝဲထုံခြင်းသဘောဖြင့် ...... (ကျမ်းဂန်သင်ယူခြင်း ဥပမာ)
**၁၃။ ကမ္မပစ္စယော** - နှိုးဆော်ခြင်း၊ ပြုလုပ်အားထုတ်ခြင်းသဘောဖြင့် (တပည့်ကြီး၊ မျိုးစေ့ဥပမာ)
**၁၄။ ဝိပါကပစ္စယော** - အကျိုးပေးခြင်းသဘောဖြင့် ...... (ရင့်မှည့်စပါး-သစ်သီး ဥပမာ)
**၁၅။ အာဟာရပစ္စယော** - ဆောင်ခြင်း၊ ထောက်ပံ့ခိုင်ခံ့စေတတ်ခြင်းသဘောဖြင့် (ထောက်တိုင်ဥပမာ)
**၁၆။ ဣန္ဒြိယပစ္စယော** - အစိုးရခြင်းသဘောဖြင့် ........... (အမတ်ကြီး, ဝန်ကြီး ဥပမာ)
**၁၇။ ဈာနပစ္စယော** - ကပ်၍ စူးစူးစိုက်စိုက် ရှုခြင်းသဘောဖြင့် .. (မုဆိုး ဥပမာ)
**၁၈။ မဂ္ဂပစ္စယော** - လမ်းခရီးသဘောဖြင့် ............ (လှေသင်္ဘော ဥပမာ)
**၁၉။ သမ္ပယုတ္တပစ္စယော** - ယှဉ်တွဲခြင်းသဘောဖြင့် ............ (စတုမဓု ဥပမာ)
**၂၀။ ဝိပ္ပယုတ္တပစ္စယော** - မယှဉ်တွဲခြင်းသဘောဖြင့် ........... (အရသာခြောက်ပါး ဥပမာ)
**၂၁။ အတ္ထိပစ္စယော** - ထင်ရှားရှိဆဲသဘောဖြင့် ............(ဟိမဝန္တာ ဥပမာ)
**၂၂။ နတ္ထိပစ္စယော** - ထင်ရှားမရှိခြင်းသဘောဖြင့် .......... (ဆီမီးငြိမ်းခြင်း ဥပမာ)
**၂၃။ ဝိဂတပစ္စယော** - ကင်းကွာသောသဘောဖြင့် ...........(နေဝင် လထွက် ဥပမာ)
**၂၄။ အဝိဂတပစ္စယော** - မကင်းကွာသောသဘောဖြင့် ......... (သမုဒ္ဒရာ ဥပမာ)

**ပဋ္ဌာန်း ၂၄-ပစ္စည်း (အကျဉ်း) အဓိပ္ပါယ် ပြီး၏။**

~ ~ ~ ~ ~ ~ ~ ~ ~

## ပဋ္ဌာန်းဆိုင်ရာ သိဖွယ်နိဒါန်း (အကျဉ်း)

**ပဋ္ဌာန်း** = (ပ + ဌာန)
= **ပ** - အမျိုးမျိုး အစားစား များပြားသောအပြား + **ဌာန** - အကြောင်း

### ပဋ္ဌာန်းတရားတော် စတင် သုံးသပ်ဆင်ခြင်ခြင်း

ကျေးဇူးတော်ရှင် မြတ်စွာဘုရားသည် ပဋ္ဌာန်းတရားတော်ကို -
စတင် သုံးသပ်ဆင်ခြင်ခဲ့ရာ နေရာ = စတုတ္ထသတ္တာဟ၊ ရတနာဃရရွှေအိမ်တော်၊
အချိန် = မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ နယုန်လဆန်း ၇-ရက် မှ ၁၃-ရက်

### ဆင်ခြင်ခိုက် ထူးခြားချက်

အဘိဓမ္မာ ၇-ကျမ်းဝယ် ဓမ္မသင်္ဂဏီမှသည် အစဉ်အတိုင်း ယမိုက်ကျမ်းအထိ သုံးသပ်ဆင်ခြင်ရာ ခြောက်ဖြာသော ရောင်ခြည်တော်တို့ ထွက်ပေါ်ကွန့်မြူးခြင်း မရှိသေး၊ ၇-ကျမ်းမြောက်ဖြစ်သော ပဋ္ဌာန်းကျမ်းကြီးဖြစ်လာမည့် ရုပ်နာမ်တရားများ၏ အကြောင်းအကျိုးသတ္တိနှင့်တကွ ဆက်စပ်ပုံကို သဗ္ဗညုတဉာဏ်တော်ဖြင့် သုံးသပ်စဉ် ဉာဏ်တော်နှင့် ဆင်ခြင်ရာတရားတော် လိုက်ဖက်ပြီး စိတ်(နာမ်တရား) အလွန်ပင်ရွှင်လန်းကြည်လင်၍ နာမ်တရားတို့မှီရာ နှလုံးသွေးအကြည်ရုပ်တရားများလည်း သန့်ရှင်းကြည်လင်လာပြီး ခန္ဓာကိုယ်-နေရာဌာနအသီးသီးမှ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘဿရ (ညို၊ ရွှေ၊ နီ၊ ဖြူ၊ အမောင်း၊ ပြိုးပြိုးပြက်)တည်းဟူသော ရောင်ခြည်တော် ၆-သွယ် ကွန့်မြူးထွက်ပေါ်လာ၍ လောကဓာတ်တစ်ခွင်လုံး လွှမ်းဖုံးသွားကာ တန်ခိုးကြီးနတ်ပြဟ္မာများ ဘုရားဖြစ်မှန်းသိကြသည်။

ပဋ္ဌာန်းတရားတော်ကို ဆင်ခြင်သိမြင်နိုင်ခဲ့မှုကြောင့် ဘုရားရှင်၏စွမ်းရည်သတ္တိများ အစွမ်းကုန်ပေါ်လွင်စေနိုင်မှုကို အတုယူ၍ ကံ-ဉာဏ်-ဝီရိယများနှင့် ကောင်းမှုများကြိုးစားလုပ်ကြသော်လည်း စွမ်းရည်သတ္တိများ မပေါ်လွင် မအောင်မြင်ချိန်များ၌ ပဋ္ဌာန်းတရားတော်ကို ရွတ်ဖတ်ပူဇော်သင့်ကြပါသည်။

WWW.DHAMMARANSI.COM



**ပဋ္ဌာန်းတရားတော် ကျယ်ဝန်းနက်နဲပုံ** -

**သာဂရ ၄-ပါး** - သံသာရသာဂရ
ဇလသာဂ
နယသာဂရ (အခက်ဆုံး- ပဋ္ဌာန်းတရားတော်)
ဉာဏသာဂရ (အထက်မြက်ဆုံး- သဗ္ဗညုတဉာဏ်တော်)

**ဥပမာ** - မဟာဓမ္မိယတိဿမထေရ်
သီဟိုဠ်ကျွန်း မဟာဗောဓိ(ဖူး)
ရေလမ်းခရီး

**ပဋ္ဌာန်းတရားတော် စတင်ဟောကြားခဲ့ရာနေရာ** = တာဝတိံသာနတ်ပြည်၊
〃 〃 **အချိန်** = ဘုရားဖြစ်ပြီး ၇-ဝါမြောက်၊
**ပဋ္ဌာန်းတရားတော် ဟောကြားရာ ကြာမြင့်ကာလ** =

(၁) ဓမ္မသင်္ဂဏီ ၁၂-ရက်
(၂) ဝိဘင်း ၁၂-ရက်
(၃) ဓာတုကထာ ၆-ရက်
(၄) ကထာဝတ္ထု ၈-ရက်
(၅) ပုဂ္ဂလပညတ် ၇-ရက်
(၆) ယမိုက် ၂၀-ရက်
(၇) ပဋ္ဌာန်း ၂၅-ရက်

စုစုပေါင်း ဝါတွင်း ၃-လ ကာလပတ်လုံး, ရက်ပေါင်း ၉၀၊ (လူတို့အရေအတွက်)

**ပဋ္ဌာန်းတရားတော်ကို ဟောတော်မူပုံ ၃-နည်း**

မြတ်စွာဘုရား → (၁) နတ်ပြဟ္မာတို့ကို ဟောတော်မူပုံ (အကျယ်ဆုံးနည်း)
(၂) ရှင်သာရိပုတ္တရာကို ဟောတော်မူပုံ (အကျဉ်းဆုံးနည်း)

ရှင်သာရိပုတ္တရာ→ ဉာဏ်မျိုးစေ့အခြေခံရှိသော ရဟန်းတော် ၅၀၀-ကို ဟောတော်မူပုံ (မကျဉ်းမကျယ်နည်း)

**ပဋ္ဌာန်းကျမ်း၏ အမည်များ**

၁။ မဟာပကရဏကျမ်း
၂။ အနန္တနယသမန္တပဋ္ဌာန်းကျမ်း

**ဆဋ္ဌမူ ပဋ္ဌာန်းကျမ်း**

ဆဋ္ဌမူ အုပ်ရေ ၅-အုပ် (စာမျက်နှာပေါင်း-၂၆၄၀) (ပ-တွဲ ၄၆၄, ဒု-၄၉၃, တ-၆၀၅, စ-၆၃၆, ပဥ္စ-၄၄၂)
(ပဋ္ဌာန်းတရားတော်သည် အဘိဓမ္မာကျမ်းအားဖြင့် တစ်ကျမ်း, အုပ်ရေအားဖြင့် ၅-အုပ် ဖြစ်သည်။)

~ ~ ~ ~ ~ ~ ~ ~ ~

## ပဋ္ဌာန်းမှတ်စုအကျဉ်း

**ကျေးဇူးပြုသည်** ဟု ဆိုရာ၌ -
(က) မဖြစ်ပေါ်သေးသည်ကို ဖြစ်ပေါ်စေခြင်း၊
(ခ) ဖြစ်ပေါ်ပြီးသည်ကို တည်နေစေခြင်း တို့ကို ဆိုလိုသည်။
**(ဆောင် - ဖြစ်စေ၊ တည်စေ၊ ဤနှစ်ထွေ၊ ခေါ်လေ ကျေးဇူးပြု)**

အကြောင်းတရားကို = **ပစ္စည်း (ပစ္စယ)**
အကျိုးတရားကို = **ပစ္စယုပ္ပန် (ပစ္စယုပ္ပန္န)**
အကျိုးကို ဖြစ်စေနိုင်သော စွမ်းရည်(အကြောင်းသတ္တိ)ကို = **ပစ္စယသတ္တိ** ဟု ခေါ်၏။

WWW.DHAMMARANSI.COM



# ပစ္စယုဒ္ဒေသ ပါဠိအနက် (လင်္ကာ)

**ဟေတုပစ္စယော**

ရေသောက်မြစ်လျှင်၊ မြက်သစ်ပင်ကို၊ စိမ်းရှင်ခက်များ၊ ပင်စည်ထွားအောင်၊ ကြီးပွားစေမှု၊ ကျေးဇူးပြုသို့၊ ဟေတုကြောင်းခံ၊ ရုပ်နှင့် နာမ်ကို၊ ရှင်သန်စေမှု၊ ကျေးဇူးပြုခြား၊ ဟိတ် ၆-ပါး ပစ္စည်းတရားလည်းကောင်း။

**အာရမ္မဏပစ္စယော**

တောင်ဝှေးကြိုးတန်း၊ ဆွဲကိုင်လှမ်းလျက်၊ မစွမ်းလူမှာ၊ ထ,ရရှာသို့၊ ခုနစ်ဖြာမှတ်၊ ဝိညာဏ်ဓာတ်တို့၊ စွဲမှတ်မျှော်ရှု၊ မှီရာမှုဖြင့်၊ ကျေးဇူးပြုခြား၊ အာရုံ ၆-ပါး ပစ္စည်းတရားလည်းကောင်း။

**အဓိပတိပစ္စယော**

အတူဖြစ်ပြန်၊ ရုပ်နှင့်နာမ်ကို၊ ဧကန်လွှမ်းမိုး၊ ကြီးစိုးနိုင်ဘိ၊ အဓိပတိတရား၊ စိတ်စေများ၏၊ လေးထားသမှု၊ အာရုံပြုပြန်၊ ရုပ်နိပ္ဖန်နှင့်၊ နိဗ္ဗာန်ခေါ်ရိုး၊ အာရုံမျိုး၏၊ ကြီးစိုးသမှု၊ ကျေးဇူးပြုခြား၊ အဓိပတိပစ္စည်းတရားလည်းကောင်း။

**အနန္တရပစ္စယော**

ရှေ့ဖြစ်ချုပ်ခြား၊ နာမ်တရားက၊ နောက်ပါးဖြစ်မှု၊ နာမ်အစုအား၊ ခွင့်ပြုအနေ၊ မသွေစိတ္တ၊ နိယာမဖြင့်၊ ဓမ္မတစ်ပါး၊ ကွယ်ခြားကင်းမှု၊ ကျေးဇူးပြုခြား၊ အနန္တရပစ္စည်းတရား လည်းကောင်း။

**သမနန္တရပစ္စယော**

ရှေ့နောက်နှစ်ရပ်၊ ကြားမညှပ်လာ၊ ခြားမဲ့သာလျှင်၊ ရှေ့မှာချုပ်ခြား၊ နာမ်တရားက၊ နောက်ပါးနာမ်စစ်၊ ဧကန်ဖြစ်ဖို့၊ ကွယ်ရစ်သမှု၊ ကျေးဇူးပြုခြား၊ သမနန္တရပစ္စည်းတရားလည်းကောင်း။

**သဟဇာတပစ္စယော**

ဆီမီးအလင်း၊ မယွင်းခဏ၊ ပြိုင်တူကျသို့၊ တကွဖြစ်ပြန်၊ ရုပ်နှင့်နာမ်တို့၊ ဧကန်စင်စစ်၊ ပြိုင်တူဖြစ်လျက်၊ တည်ရစ်စေမှု၊ ကျေးဇူးပြုခြား၊ သဟဇာတပစ္စည်းတရားလည်းကောင်း။

**အညမညပစ္စယော**

သစ်သားသုံးခွ၊ ချင်းချင်းမ, လျက်၊ တည်ကြသည့်ဟန်၊ ပြန်လှန်တည်မှု၊ ကျေးဇူးပြုခြား၊ အညမညပစ္စည်းတရားလည်းကောင်း။

**နိဿယပစ္စယော**

မြေသည် သစ်ပင်၊ အစဉ်မကွာ၊ တည်ရာဖြစ်မှု၊ ကျေးဇူးပြုသို့၊ တစ်ခုတုံမှတ်၊ ပုံကားချပ်လည်း၊ သပ်ရပ်စုံစွာ၊ ရုပ်ပုံလွှာ၏၊ တည်ရာဖြစ်မှု၊ ကျေးဇူးပြုသို့၊ ရုပ်စုနာမ်စု၊ တည်ရာမှုဖြစ်၊ ကျေးဇူးပြုခြား၊ နိဿယပစ္စည်းတရားလည်းကောင်း။

**ဥပနိဿယပစ္စယော**

စိတ်စေတရား၊ ဤနှစ်ပါး၏၊ အင်အားကြီးစွာ၊ မှီရာဖြစ်မှု၊ ကျေးဇူးပြုသည့်၊ **အာရမ္မဏူပနိဿယ**။ ထိုမှတစ်သီး၊ အားကြီးလှစွာ၊ ခြားမဲ့မှာလျှင်၊ မှီရာစင်စစ်၊ နောက်စိတ်ဖြစ်မှု၊ ကျေးဇူးပြုသည့်၊ **အနန္တရူပနိဿယ**။ ထိုမှတစ်ဖြာ၊ အားကြီးစွာသည့်၊ များစွာကြောင်းစု၊ ကျေးဇူးပြုသည့်၊ **ပကတူပနိဿယ**။ သုံးဝပိုင်းခြား၊ ဥပနိဿယပစ္စည်းတရားလည်းကောင်း။

WWW.DHAMMARANSI.COM



**ပုရေဇာတပစ္စယော**

ကြိုတင်ဖြစ်ဟု၊ ဝတ္ထုအာရုံ၊ အလုံးစုံက၊ ဖြစ်တုံနောက်ပေ၊ စိတ်နှင့်စေအား၊ မသွေတည်မှု၊ ကျေးဇူးပြုငြား၊ ပုရေဇာတပစ္စည်းတရားလည်းကောင်း။

**ပစ္ဆာဇာတပစ္စယော**

စားချင်အာသာ၊ နောက်ပေါ်လာက၊ ရှေ့မှာဖြစ်ဆို၊ လင်းတကိုယ်အား၊ မပြိုလဲစေ၊ ထောက်ပံ့လေသို့၊ စိတ်စေနှစ်ပါး၊ နောက်ဖြစ်ငြားလည်း၊ ရှေ့သွားတည်လာ၊ ရုပ်ခန္ဓာ၏၊ မကွာတည်မှု၊ စွမ်းအားစုဖြင့်၊ ကျေးဇူးပြုငြား၊ ပစ္ဆာဇာတပစ္စည်းတရားလည်းကောင်း။

**အာသေဝနပစ္စယော**

စာပေကျမ်းဂန်၊ ရှေ့သင်ဉာဏ်က၊ နောက်ဉာဏ်ဖြစ်မှု၊ ကျေးဇူးပြုသို့၊ နောက်စုဇောအား၊ ရှေ့ဇောများက၊ ဖြစ်ပွားစေဟု၊ ထုံမွမ်းမှုဖြင့်၊ ကျေးဇူးပြုငြား၊ အာသေဝနပစ္စည်းတရားလည်းကောင်း။

**ကမ္မပစ္စယော**

အကြောင်းကံက၊ ကျိုးဖလကို၊ ခဏကွဲပြား၊ ဖြစ်ပွားစေဘိ၊ နာနာက္ခဏိကာ၊ စေတနာတည့်။ မကွာအစဉ်၊ စိတ်တိုင်းယှဉ်လာ၊ စေတနာက၊ တူစွာဖြစ်နေ၊ စိတ်နှင့်စေကို၊ မသွေမျှော်ရှု၊ စေ့ဆော်မှုဖြင့်၊ ကျေးဇူးပြုငြား၊ ကမ္မပစ္စည်းတရားလည်းကောင်း။

**ဝိပါကပစ္စယော**

အားထုတ်မှုကင်း၊ ငြိမ်သက်ခြင်းဖြင့်၊ မယွင်းတူစွာ၊ ဝိပါကာဟု၊ နှစ်ဖြာရုပ်နာမ်၊ ငြိမ်သက်ရန်ဟု၊ ထောက်ခံရှေ့ရှု၊ ကျေးဇူးပြုငြား၊ ဝိပါကပစ္စည်းတရားလည်းကောင်း။

**အာဟာရပစ္စယော**

သြဇာခေါ်ကြ၊ အာဟာရနှင့်၊ ဖဿ စေတနာ၊ မကွာတူယှဉ်၊ စိတ်ဝိညာဉ်တို့၊ အစဉ်မကွာ၊ သက်ဆိုင်ရာဟု၊ နှစ်ဖြာသင့်တန်၊ ရုပ်နှင့်နာမ်ကို၊ ကျားကန်သမှု၊ ကျေးဇူးပြုငြား၊ အာဟာရပစ္စည်းတရားလည်းကောင်း။

**ဣန္ဒြိယပစ္စယော**

စက္ခုစသည်၊ ငါးလီက္ကန္ဒြေ၊ စိတ်စေတရား၊ စိုးပိုင်ထားလျက်၊ တစ်ပါးရုပ၊ ဇီဝိတကား၊ ကမ္မဇရုပ်၊ ထိန်းချုပ်ဇကန်၊ ကျန်က္ကန္ဒြေ၊ နှစ်ထွေနာမ်ရုပ်၊ ထိန်းချုပ်သမှု၊ ကျေးဇူးပြုငြား၊ ဣန္ဒြိယပစ္စည်းတရားလည်းကောင်း။

**ဈာနပစ္စယော**

အာရုံစွဲမှတ်၊ ကပ်၍ရှုပါ၊ ဈာန်အင်္ဂါတို့၊ တူစွာဖြစ်ငြား၊ ရုပ်နာမ်များကို၊ ကျားကန်သမှု၊ ကျေးဇူးပြုငြား၊ ဈာနပစ္စည်းတရားလည်းကောင်း။

**မဂ္ဂပစ္စယော**

ကောင်းဆိုးတရား၊ မဂ္ဂင်များက၊ ဖြစ်ပွားတူပြန်၊ ရုပ်နှင့်နာမ်ကို၊ ဧကန်မျှော်ရှု၊ လမ်းကြောင်းမှုဖြင့်၊ ကျေးဇူးပြုငြား၊ မဂ္ဂပစ္စည်းတရားလည်းကောင်း။

**သမ္ပယုတ္တပစ္စယော**

ဝတ္ထုအာရုံ၊ ဖြစ်တုံချုပ်ငြား၊ တူလေးပါးဖြင့်၊ ပေါင်းထားသမှု၊ ကျေးဇူးပြုငြား၊ သမ္ပယုတ္တပစ္စည်းတရားလည်းကောင်း။

WWW.DHAMMARANSI.COM



**ဝိပ္ပယုတ္တပစ္စယော**

ဝတ္ထုအာရုံ၊ ဖြစ်တုံချုပ်ပျက်၊ မတူချက်ကြောင့်၊ တွဲဘက်မရ၊ ရုပ်က နာမ်ကို၊ နာမ်ဆို ရုပ်အား၊ တူဖြစ်ငြား လည်း၊ ကွဲပြားသမှု၊ ကျေးဇူးပြုငြား၊ ဝိပ္ပယုတ္တပစ္စည်းတရားလည်းကောင်း။

**အတ္ထိပစ္စယော**

ပစ္စုပ္ပန်မှာ၊ ရှိခိုက်သာလျှင်၊ မကွာတူဘိ၊ ထင်ရှားရှိငြား၊ ကျိုးတရားကို၊ ဖြစ်ပွားစေမှု၊ ကျေးဇူးပြုငြား၊ အတ္ထိပစ္စည်းတရားလည်းကောင်း။

**နတ္ထိပစ္စယော**

လုံးဝချုပ်ဘိ၊ မရှိမှသာ၊ နောက်လာတရား၊ စိတ်စေများတို့၊ ဖြစ်ပွားစေမှု၊ ကျေးဇူးပြုငြား၊ နတ္ထိပစ္စည်း တရားလည်းကောင်း၊

**ဝိဂတပစ္စယော**

ချုပ်ပျောက်ကင်းကွာ၊ ဖြစ်သောခါမှာ၊ နောက်လာတရား၊ စိတ်စေများတို့၊ ဖြစ်ပွားစေမှု၊ ကျေးဇူးပြုငြား၊ ဝိဂတပစ္စည်းတရားလည်းကောင်း။

**အဝိဂတပစ္စယော**

ထင်ရှားရှိခါ၊ မကင်းကွာဘဲ၊ ဖြစ်လာအဟုတ်၊ နာမ်နှင့်ရုပ်တို့၊ မချုပ်သေးခင်၊ စွမ်းအင်ပေးမှု၊ ကျေးဇူး ပြုငြား၊ အဝိဂတပစ္စည်းတရားလည်းကောင်း။

ဣတိ - ဤသို့၊ ပစ္စယုဒ္ဒေသေ - ပစ္စည်းတရား အကျဉ်းအားဖြင့် ဟောကြားပြသ ပစ္စယုဒ္ဒေသ၌၊ စတု ဝီသတိပစ္စယာ - ၂၄-ပစ္စည်းတို့ကို၊ ဘဂဝတော - မြတ်စွာဘုရားသည်၊ ဝုတ္တာ - ဟောတော်မူအပ်ကုန်ပြီ။

~ ~ ~ ~ ~ ~ ~ ~ ~ ~

## ၁။ ဟေတုပစ္စည်း

အကျိုးတရားများ ခိုင်မြဲစွာတည်ရှိစေရန် အခြေအမြစ်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် ဟေတုပစ္စည်း မည်၏။

(ဟေတု = တည်ရှိရာ၊ အခြေအမြစ်။

ပစ္စယော = အကျိုးတရားများအား ဖြစ်စေ၊ တည်ရှိစေသောအားဖြင့် ကျေးဇူးပြုခြင်း။)

ရေသောက်မြစ်သည် သစ်ပင်ကို ခိုင်ခန့်စွာ တည်ရှိစေ၏၊ ရှင်သန်ကြီးထွားစေ၏၊ ဟေတုပစ္စည်းခေါ် ဟိတ် ၆-ပါးသည်လည်း အကျိုးတရားများကို ခိုင်ခန့်စွာ တည်ရှိစေ၏။

**ဟိတ် ၆-ပါး**

ဟေတုကို "ဟိတ်"ဟု မြန်မာမှုပြု၏၊ အကျိုးတရားများ၏ ဖြစ်ရာတည်ရာအကြောင်း ဟု ဆိုလို၏၊ ဟိတ်သည် ၆-မျိုး ရှိ၏။

(၁) လောဘ (လိုချင်မှု၊ တွယ်တာမှု)
(၂) ဒေါသ (မုန်းတီးမှု၊ အလိုမကျမှု)
(၃) မောဟ (တွေဝေမှု၊ အမှန်မသိမှု)
(၄) အလောဘ (စွန့်လွှတ်မှု)
(၅) အဒေါသ (အကျိုးလိုလားမှု)
(၆) အမောဟ (အမှန်သိမြင်မှု)

WWW.DHAMMARANSI.COM



ဤဟိတ် ၆-ပါးသည် စိတ်၌ ဖြစ်ပေါ်တတ်သော(စေတသိက်)တရားများ ဖြစ်၏၊ ဤတရားတို့သည် မိမိတို့ ဖြစ်ရာစိတ်, ထိုစိတ်နှင့်အတူဖြစ်လာသော စေတသိက်, ထိုစိတ်ကြောင့် ဖြစ်လာသော စိတ္တဇရုပ်, ပဋိသန္ဓေဖြစ်ခိုက် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်များအား အခြေအမြစ်သဖွယ် ကျေးဇူးပြု၏။

## ပစ္စည်း, ပစ္စယုပ္ပန်

(ပစ္စယ = ပစ္စည်း = အကြောင်းတရား
ပစ္စယုပ္ပန္န = ပစ္စယုပ္ပန် = အကြောင်းတရားကြောင့်ဖြစ်လာသောတရား၊ အကျိုးတရား)
ပစ္စည်း - ဟိတ် ၆-ပါး။
ပစ္စယုပ္ပန် - သဟိတ်စိတ် - ၇၁၊ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် - ၅၂၊
သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

## ကျေးဇူးပြုပုံ

ဟိတ် ၆-ပါး ပစ္စည်းတရားက ဆိုင်ရာအကျိုးတရားများအား ကျေးဇူးပြုပုံကို ဤသို့ မှတ်အပ်၏။

**လောဘ** - တစ်ဦးတစ်ယောက်၏ စိတ်၌ လိုချင်မှုတွယ်တာမှု လောဘ ဖြစ်နေအံ့၊ လောဘဖြစ်သည်နှင့် တစ်ပြိုင်နက် လိုချင်မှုအကြောင်းခံသည့် အတွေးအကြံများ, ပြောဆိုပြုလုပ်မှုများ ဖြစ်လာ၏၊ လောဘရှိနေသမျှ လိုချင်စိတ်များ, လိုချင်သည့်အရာကို ရရှိနိုင်ရန် ပြောဆိုပြုလုပ်မှုများ ရှိနေမည် ဖြစ်၏၊ ဤ၌ လိုချင်စိတ်များ, ပြောဆိုပြုလုပ်မှုများ ရှင်သန်တည်ရှိနေအောင် လောဘက ဟေတုသတ္တိဖြင့် ကျေးဇူးပြုထားခြင်း ဖြစ်၏။

**ဒေါသ** - အလိုမကျခြင်း မုန်းတီးခြင်း ဒေါသ ဖြစ်လာအံ့၊ ဒေါသစိတ်ဖြင့် ကြံစည်ခြင်း, ပြောဆိုပြုလုပ်ခြင်းများ ဖြစ်လာ၏၊ ဒေါသရှိနေသမျှ မိမိ, သူတစ်ပါး ပျက်စီးရာပျက်စီးကြောင်း စိတ်ကူးကြံစည်မှုများ, ပြောဆိုပြုလုပ်မှုများ တည်တံ့ဖြစ်ပွား ရှင်သန်နေကြမည်သာ ဖြစ်၏။

**မောဟ** - တွေဝေခြင်း အမှန်မသိခြင်း မောဟ ဖြစ်လာအံ့၊ တွေဝေစိတ်များ, မှားမှားယွင်းယွင်း ပြောဆိုပြုလုပ်မှုများ ဖြစ်လာ၏၊ မောဟရှိနေသမျှ အထင်မှား အမြင်မှား ပြောဆိုပြုလုပ်မှုများ ဖြစ်ပွားတည်တံ့ ရှင်သန်နေကြမည်သာ ဖြစ်၏။

**အလောဘ** - လိုချင်တွယ်တာမှုမရှိခြင်း, စွန့်လွှတ်ခြင်း အလောဘဖြစ်လာအံ့၊ လှူဒါန်း ပေးကမ်းရန် ကြံစည်စိတ်ကူးခြင်း, ပြောဆိုပြုလုပ်ခြင်းများ ဖြစ်ပေါ်ရှင်သန်နေ၏။

**အဒေါသ** - အမုန်းမပွား မေတ္တာထားခြင်း, သူတစ်ပါးအကျိုးကို လိုလားခြင်း အဒေါသဖြစ်လာအံ့၊ အများ အကျိုးရှိရာရှိကြောင်း ကြံစည်ခြင်း, ပြောဆိုပြုလုပ်ခြင်းများ ဖြစ်ပေါ်ရှင်သန်နေ၏။

**အမောဟ** - မတွေဝေခြင်း, အမှန်ကိုသိမြင်ခြင်း အမောဟဖြစ်လာအံ့၊ အကြောင်းအကျိုး ဆင်ခြင်သိမြင်ခြင်း, ပြောဆို ပြုလုပ်ခြင်းများ ဖြစ်ပေါ်ရှင်သန်နေ၏။

ဤသို့လျှင် ဟိတ် ၆-ပါးတို့သည် မိမိတို့ကို အခြေခံသည့် စိတ်ကူးကြံစည်မှုများ (ယှဉ်ဖက်စိတ် စေတသိက်များ), ပြောဆိုပြုလုပ်မှုများ(စိတ္တဇရုပ်များ)ကို ဖြစ်ပွားရှင်သန်တည်တံ့နေအောင် ကျေးဇူးပြုကြပေသည်၊ ဤဟိတ် ၆-ပါး၏ အကျိုးတရားများ အခြေခိုင်အောင် ရှင်သန်တည်တံ့နေအောင် စွမ်းဆောင်နိုင်သောသတ္တိထူးကိုပင် ဟေတုပစ္စည်း၏သတ္တိထူး ဟု ဟောတော်မူခြင်း ဖြစ်၏။

* * * * * * * * *

WWW.DHAMMARANSI.COM



## ၂။ အာရမ္မဏပစ္စည်း

အကျိုးတရား၏ အားပြုမှီတွယ်ရာ ပျော်မွေ့ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် အာရမ္မဏပစ္စည်း မည်၏။

**အာရုံ ၆-မျိုး**

စိတ်စေတသိက်များသည် ပျော်မွေ့ရာ မှီတွယ်ရာ အာရုံနှင့် ကင်း၍ မဖြစ်နိုင်ကြ၊ အာရုံတစ်မျိုးမျိုးကို မှီတွယ်အားပြုရမှသာ ဖြစ်နိုင်ကြ၏။

စိတ်၏ပျော်မွေ့ရာမှီတွယ်ရာ အာရုံသည် ၆-မျိုး ရှိ၏။

(၁) ရူပါရုံ (အဆင်း)
(၂) သဒ္ဒါရုံ (အသံ)
(၃) ဂန္ဓာရုံ (အနံ့)
(၄) ရသာရုံ (အရသာ)
(၅) ဖောဋ္ဌဗ္ဗာရုံ (အတွေ့)
(၆) ဓမ္မာရုံ (ကြံသိအာရုံ) တို့ ဖြစ်၏။

ဓမ္မာရုံဟူရာ၌ မျက်စိ နား နှာခေါင်း လျှာ ကိုယ်အကြည်ရုပ်များ၊ ထိုအကြည်ရုပ်များတွင် ထင်လာခြင်း မရှိသောရုပ်များ, စိတ်အားလုံး, စေတသိက်အားလုံး, နိဗ္ဗာန်, ပညတ်များ ပါဝင်၏၊ ပသာဒရုပ်များတွင် ထင်လာခြင်း မရှိဘဲ စိတ်ဖြင့်ကြံတွေးသိရသော ထူးခြားသောဉာဏ်ဖြင့်သာ သိရသောအာရုံမျိုးကို ဓမ္မာရုံဟု မှတ်အပ်၏။

**ပစ္စည်း, ပစ္စယုပ္ပန်**

ပစ္စည်း - အာရုံ ၆-ပါး ။
ပစ္စယုပ္ပန် - စိတ် - ၈၉၊ စေတသိက် - ၅၂ ။

**ကျေးဇူးပြုပုံ**

မျက်စိဖြင့် မြင်ရသော အဆင်းအာရုံကို မှီတွယ်၍ မြင်သိစိတ်များ ဖြစ်ကြ၏၊ ဤ၌ မြင်သိစိတ်ကို အဆင်းအာရုံက မှီတွယ်ရာ အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြု၏။

ထို့အတူ နားဖြင့် ကြားရသော အသံအာရုံကို မှီတွယ်၍ ကြားသိစိတ်များ ဖြစ်ကြ၏၊ နှာခေါင်းဖြင့် နမ်းရှူရသော အနံ့အာရုံကို မှီတွယ်၍ နံသိစိတ်များ ဖြစ်ကြ၏၊ လျှာဖြင့် လျက်ရသော အရသာအာရုံကို မှီတွယ်၍ လျက်သိစိတ်များ ဖြစ်ကြ၏။ ကိုယ်ဖြင့် ထိတွေ့ရသော အတွေ့အာရုံကို မှီတွယ်၍ ထိသိစိတ်များ ဖြစ်ကြ၏၊ စိတ်ကူးကြံတွေးမှု, စဉ်းစားဆင်ခြင်မှုဖြင့် သိရသော ဓမ္မာရုံ(ကြံသိအာရုံ)ကို မှီတွယ်၍ ကြံသိစိတ်များ ဖြစ်ကြ၏၊ ဤသို့လျှင် အာရုံ ၆-မျိုးသည် စိတ်စေတသိက်များအား မှီတွယ်ရာ ပျော်မွေ့ရာ အဖြစ်ဖြင့် ကျေးဇူးပြုကြ၏။

စိတ်စေသိက်မှန်သမျှအား မှီတွယ်ရာအဖြစ် ကျေးဇူးပြုတတ်သော အာရုံ ၆-ပါး၏ စွမ်းဆောင်မှုသတ္တိကို ပင် အာရမ္မဏပစ္စည်း၏သတ္တိထူး ဟု ဟောတော်မူခြင်း ဖြစ်သည်။

* * * * * * * * *

## ၃။ အဓိပတိပစ္စည်း

လွှမ်းမိုးကြီးစိုးသောအားဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် အဓိပတိပစ္စည်း မည်၏။

**အဓိပတိပစ္စည်း ၂-မျိုး**

အဓိပတိပစ္စည်းသည် (၁) သဟဇာတ အဓိပတိ
(၂) အာရမ္မဏ အဓိပတိဟူ၍ ၂-မျိုး ရှိ၏။

WWW.DHAMMARANSI.COM



ထိုတွင် -

(၁) အတူဖြစ်ဖက်တရားများကို လွှမ်းမိုးကြီးစိုးတတ်သော ထက်သန်သောဆန္ဒ၊ ကြီးမားကြံ့ခိုင်သော ဝီရိယ၊ ခိုင်မာသောစိတ်၊ ထက်မြက်သောဝီမံသ(ပညာ)- ဤအဓိပတိတရား ၄-ပါးတို့သည် သဟဇာတအဓိပတိ မည်၏။

(၂) တွယ်တာစွဲမက် နှစ်သက်စရာအာရုံနှင့် လေးနက်သိမ်မွေ့ မွန်မြတ်သော အာရုံတို့သည် အာရမ္မဏ အဓိပတိ မည်၏။

**ပစ္စည်း, ပစ္စယုပ္ပန်**

(၁) သဟဇာတ အဓိပတိ

ပစ္စည်း - အဓိပတိ ၄-ပါးမှ တစ်ပါးပါး။
ပစ္စယုပ္ပန် - သာဓိပတိဇော-၅၂ ဝိစိကိစ္ဆာမှတစ်ပါး စေတသိက်-၅၁၊
သာဓိပတိစိတ္တဇရုပ် ။

(၂) အာရမ္မဏ အဓိပတိ

(၁) ပစ္စည်း - လောကီစိတ် (ဒေါသမူ၊ မောဟမူ၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်မှတစ်ပါး) - ၇၆၊
စေတသိက် - ၄၇၊ ဣဋ္ဌနိပ္ဖန္နရုပ်-၁၈ ။
ပစ္စယုပ္ပန် - လောဘမူစိတ် ၈-ခု၊ စေတသိက် -၂၂ ။

(၂) ပစ္စည်း - လောကီကုသိုလ်စိတ်-၁၇ ။
ပစ္စယုပ္ပန် - မဟာကုသိုလ်စိတ်-၈၊ စေတသိက် (ဝိရတီ အပ္ပမညာမှ တစ်ပါး)- ၃၃ ။

(၃) ပစ္စည်း - လောကုတ္တရာစိတ်- ၈၊ နိဗ္ဗာန်။
ပစ္စယုပ္ပန် - မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် - ၈ ။

(၄) ပစ္စည်း - နိဗ္ဗာန်။
ပစ္စယုပ္ပန် - လောကုတ္တရာစိတ် ၈-ခု ။

**ကျေးဇူးပြုပုံ**

ထက်သန်သောဆန္ဒ မိမိစိတ်၌ ဖြစ်လာအံ့၊ ထိုဆန္ဒသည် မိမိ၏စိတ်ကူး တွေးတောမှုမှန်သမျှ ပြောဆိုမှုမှန်သမျှကို လွှမ်းမိုးကြီးစိုးထား၏၊ ထို့အတူ ကြီးမားကြံ့ခိုင်သောဝီရိယ၊ ခိုင်မာသောစိတ်၊ ထက်မြက်သောဝီမံသများသည် စိတ်ကူးတွေးတောမှု မှန်သမျှ ပြောဆိုပြုလုပ်မှုမှန်သမျှကို လွှမ်းမိုးကြီးစိုးထား၏။

ထို့ပြင် စွဲမက်စရာ နှစ်သက်စရာ အာရုံများသည် စွဲမက်တတ်သောစိတ်များကို လွှမ်းမိုးကြီးစိုးလျက် ဖြစ်၏၊ အလေးအနက်ထားရမည့် အာရုံများသည် အလေးအနက်ထားတတ်သောစိတ်များကို လွှမ်းမိုးကြီးစိုးလျက် ဖြစ်၏။

ဤသို့လျှင် လွှမ်းမိုးကြီးစိုးလျက် ကျေးဇူးပြုတတ်သော အဓိပတိတရား ၄-ပါးနှင့် စွဲမက်ဖွယ် အလေးအနက်ပြုဖွယ် အာရုံတို့၏ စွမ်းဆောင်မှုသတ္တိကိုပင် အဓိပတိပစ္စည်း၏သတ္တိထူးဟု ဟောတော်မူခြင်း ဖြစ်သည်။

* * * * * * * * *

## ၄။ အနန္တရပစ္စည်း

မိမိ၏ အခြားမဲ့၌ အခြားအကွယ်မရှိသောအားဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် အနန္တရပစ္စည်း မည်၏။

WWW.DHAMMARANSI.COM



**ပစ္စည်း, ပစ္စယုပ္ပန်**

ပစ္စည်း - ရှေ့ရှေ့ဖြစ်သော စိတ် - ၈၉၊ စေတသိက် - ၅၂ ။

ပစ္စယုပ္ပန် - နောက်နောက်ဖြစ်သော စိတ် - ၈၉၊ စေတသိက် - ၅၂ ။

**ကျေးဇူးပြုပုံ**

သတ္တဝါတို့သန္တာန်၌ စိတ်စေတသိက်တို့သည် အာရုံတစ်မျိုးမျိုးကို မှီလျက် စိတ်ဖြစ်စဉ်(စိတ္တဝီထိ) တစ်ခုပြီး တစ်ခု စဉ်ဆက်မပြတ် ဖြစ်ပေါ်လျက် ရှိ၏၊ စိတ္တနိယာမအတိုင်း ရှေ့ရှေ့စိတ်များ ချုပ်ပြီးသည်နှင့် နောက်နောက်စိတ်များ ဆက်တိုက်ဖြစ်လာ၏၊ ထိုသို့ ဖြစ်ရာ၌ ရှေ့စိတ်နှင့် နောက်စိတ်တို့၏အကြား တရားဓမ္မတစ်မျိုး ခြားကွယ်ခြင်း မရှိပေ၊ ထိုသို့ ခြားကွယ်ခြင်း မရှိသည်ကိုပင် အနန္တရ ဟု ဆိုသည်၊ ရှေ့ရှေ့စိတ်များဖြစ်၍ ချုပ်ပြီးသည်နှင့် တစ်ပြိုင်နက် နောက်နောက်စိတ်များ ဖြစ်လာ၏၊ ထိုသို့ဖြစ်လာအောင် ရှေ့ရှေ့စိတ်များက နေရာဖယ်ပေးခြင်းအားဖြင့် နောက်နောက်စိတ်များကို ကျေးဇူးပြုကြ၏။

**စက္ခုဒွါရဝီထိ**

မျက်စိနှင့် အဆင်းအာရုံတို့ ဆုံမိကြသောအခါ လက်ရှိစိတ်အစဉ်၏ အလွန်လျင်မြန်မှုကြောင့် ဘဝင်စိတ်တစ်ကြိမ် ကျော်လွန်သွား၏၊ ဝတ္ထုအာရုံထိခိုက်မှုအစွမ်းကြောင့် ဘဝင်နှစ်ကြိမ်ဖြစ်ကာ လှုပ်ရှားပြီး ပြတ်တောက်သွား၏။

ထို့နောက် အာရုံအသစ်သို့ ဦးလှည့်ပေးသော အာဝဇ္ဇန်းစိတ်၊ အဆင်းအာရုံကို မြင်သော စက္ခုဝိညာဏ်စိတ်၊ အာရုံအသစ်ကို လက်ခံသော သမ္ပဋိစ္ဆိုင်းစိတ်၊ စုံစမ်းသော သန္တီရဏစိတ်၊ ပိုင်းခြားမှတ်သားသော ဝုဋ္ဌောစိတ်၊ အာရုံသဘာဝကို သိရှိခံစားသော ဇောစိတ် ၇-ကြိမ်နှင့် ထိုဇောစိတ်၏အာရုံကို ထပ်မံရယူသော တဒါရုံစိတ် ၂-ကြိမ် ဖြစ်၍၊ ဤတွင် အသစ်ဝင်လာသော အဆင်းအာရုံ၏ သက်တမ်းသည် တစ်ကြိမ်ကုန်ဆုံးသွား၏။

**ဝီထိပုံစံ** - "ဘ ဘ ဘ ပ စ သံ တီ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ"

| | | | | | |
|---|---|---|---|---|---|
| ဘ | = | ဘဝင် | တီ | = | သန္တီရဏ |
| ပ | = | ပဉ္စဒွါရာဝဇ္ဇန်း | ဝု | = | ဝုဋ္ဌော |
| စ | = | စက္ခုဝိညာဏ် | ဇ | = | ဇော |
| သံ | = | သမ္ပဋိစ္ဆိုင်း | ရုံ | = | တဒါရုံ |

ဤ၌ ပဌမဘဝင်စိတ်သည် ဒုတိယဘဝင်စိတ်အား၊ ဒုတိယဘဝင်စိတ်သည် တတိယဘဝင်စိတ်အား၊ တတိယဘဝင်စိတ်သည် ပဉ္စဒွါရာဝဇ္ဇန်းအား ဤသို့ စသည်ဖြင့် ရှေ့ရှေ့စိတ်များက နောက်နောက်စိတ်များအား အနန္တရသတ္တိဖြင့် ကျေးဇူးပြု၏။

ရှေ့ရှေ့စိတ်သည် မိမိချုပ်ခြင်းအားဖြင့် နောက်နောက်စိတ်ဖြစ်ရန် လမ်းဖွင့်ပေးသည်၊ မိမိ၏အခြားမဲ့၌ နောက်စိတ်ဖြစ်လာအောင် ကျေးဇူးပြုပေးသော ရှေ့စိတ်၏ စွမ်းဆောင်မှုသတ္တိကိုပင် အနန္တရပစ္စည်း၏သတ္တိထူး ဟု ဟောတော်မူ၏။

* * * * * * * * *

## ၅။ သမနန္တရပစ္စည်း

လုံးဝအခြားအကွယ် မရှိသောအားဖြင့် ကျေးဇူးပြုတတ်သောအကြောင်းတရားသည် သမနန္တရပစ္စည်း မည်၏။

**မှတ်ချက်** ။ ။ သမနန္တရပစ္စည်းသည် အနန္တရပစ္စည်းနှင့် အမည်မျှသာ ကွဲ၍ ဓမ္မအားဖြင့် လုံးဝတူ၏၊ ဝေနေယျ-ဇ္ဈာသယ အားဖြင့် ၂-မျိုး ခွဲဟောသည်ဟု မှတ်ရာ၏။

WWW.DHAMMARANSI.COM



## ၆။ သဟဇာတပစ္စည်း

အတူတကွဖြစ်လျက် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် သဟဇာတပစ္စည်း မည်၏။

ဆီမီးသည် မိမိဖြစ်လာသည်နှင့် တစ်ပြိုင်နက် အလင်းရောင်ကို ဖြစ်စေသကဲ့သို့ စိတ်စေတသိက်နှင့် ရုပ်တရားများသည် မိမိတို့ဖြစ်လာသည်နှင့် တစ်ပြိုင်နက် ဆိုင်ရာ စိတ်စေတသိက်နှင့် ရုပ်တရားများကို တကွဖြစ်စေလျက် ကျေးဇူးပြုကြ၏။

### ပစ္စည်း, ပစ္စယုပ္ပန်

ပစ္စည်း - (၁) စိတ် - ၈၉၊ စေတသိက် - ၅၂။
(၂) မဟာဘုတ် - ၄။
(၃) ပဥ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု။

ပစ္စယုပ္ပန် - (၁) စိတ် - ၈၉၊ စေတသိက် - ၅၂
စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။
(၂) မဟာဘုတ်၊ ဥပါဒါရုပ်။
(၃) ဟဒယဝတ္ထု၊ ပဥ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ။

### ကျေးဇူးပြုပုံ

စိတ်တစ်ခုဖြစ်လာသောအခါ ယှဉ်ဖက်စေတသိက်များ အတူတကွ ဖြစ်လာကြ၏၊ အတူတကွဖြစ်ကြသော စိတ်စေတသိက်တို့သည် အချင်းချင်းအပြန်အလှန် ကျေးဇူးပြုကြ၏၊ တစ်ဖန် ထိုစိတ်စေတသိက်များသည် အတူတကွဖြစ်ကြသော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား ကျေးဇူးပြုကြ၏။

မဟာဘုတ် ၄-ပါးသည် မိမိတို့အချင်းချင်းနှင့် ဥပါဒါရုပ်များအား အတူတကွဖြစ်ကာ ကျေးဇူးပြုကြ၏။

ပဥ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည် အတူတကွဖြစ်လျက် အပြန်အလှန် ကျေးဇူးပြုကြ၏၊ သို့ရာတွင် ဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေအခါ၌သာ နာမ်တရားအား ကျေးဇူးပြု၍ ပဝတ္တိအခါ၌မူ ကျေးဇူးမပြုချေ။

ဤသို့ အတူတကွဖြစ်လျက် ကျေးဇူးပြုတတ်သော အကြောင်းတရားများ၏သတ္တိကိုပင် သဟဇာတပစ္စည်း၏ သတ္တိထူး ဟု ဟောတော်မူ၏။

* * * * * * * * *

## ၇။ အညမညပစ္စည်း

အပြန်အလှန် အထောက်အကူဖြစ်လျက် ကျေးဇူးပြုတတ်သောအကြောင်းတရားသည် အညမညပစ္စည်း မည်၏။

### ပစ္စည်း, ပစ္စယုပ္ပန်

ပစ္စည်း - (၁) စိတ် - ၈၉၊ စေတသိက် - ၅၂။
(၂) မဟာဘုတ် - ၄။
(၃) ပဥ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု။

ပစ္စယုပ္ပန် - (၁) စိတ် - ၈၉၊ စေတသိက် - ၅၂။
(၂) မဟာဘုတ်။
(၃) ဟဒယဝတ္ထု၊ ပဥ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ။

WWW.DHAMMARANSI.COM


**ကျေးဇူးပြုပုံ**

သုံးချောင်းထောက်ခုံ၏ ခြေထောက်သုံးချောင်းသည် တကွဖြစ်လျက် အပြန်အလှန် အထောက်အကူပြုကြ၏၊ ထို့အတူ စိတ်စေတသိက်အချင်းချင်း, မဟာဘုတ်အချင်းအချင်း, ပဋိသန္ဓေခဏ နာမ်ရုပ်အချင်းချင်း အတူတကွဖြစ်ကာ အပြန်အလှန် အထောက်အကူပြုကြ၏။

ဤသို့ အတူတကွဖြစ်ပြီး အပြန်အလှန် အထောက်အကူပြုတတ်သော အကြောင်းတရား၏သတ္တိကိုပင် အညမညပစ္စည်း၏သတ္တိထူး ဟု ဟောတော်မူ၏။

* * * * * * * * *

## ၈။ နိဿယပစ္စည်း

တည်ရာ မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် နိဿယပစ္စည်း မည်၏။

**နိဿယပစ္စည်း ၂-မျိုး**

နိဿယပစ္စည်းသည် (၁) သဟဇာတနိဿယ
(၂) ပုရေဇာတနိဿယ ဟူ၍ ၂-မျိုး ရှိ၏။

ထိုတွင် -

(၁) အတူတကွဖြစ်ပြီး တည်ရာမှီရာအဖြစ် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် သဟဇာတနိဿယ မည်၏။

(၂) ရှေးဦးဖြစ်နှင့်ပြီး မိမိတည်ရှိခိုက်မှာ တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ပုရေဇာတနိဿယ မည်၏။

**ပစ္စည်း, ပစ္စယုပ္ပန်**

(၁) သဟဇာတနိဿယ

ပစ္စည်း - (၁) စိတ် - ၈၉၊ စေတသိက် - ၅၂။
(၂) မဟာဘုတ် - ၄။
(၃) ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု။

ပစ္စယုပ္ပန် - (၁) စိတ် - ၈၉၊ စေတသိက် - ၅၂။
(၂) မဟာဘုတ်၊ ဥပါဒါရုပ်။
(၃) ဟဒယဝတ္ထု၊ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ။

(၂) ပုရေဇာတနိဿယ

ပစ္စည်း - ဝတ္ထုရုပ် ၆-ပါး။

ပစ္စယုပ္ပန် - ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်သောစိတ်, စေတသိက်များ။

**ကျေးဇူးပြုပုံ**

စိတ်စေတသိက်နှင့် အချို့သောရုပ်တရားတို့သည် အတူတကွဖြစ်ပြီး မိမိတို့အချင်းချင်းအား တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူးပြုကြ၏၊ ထို့ပြင် ကြိုတင်ဖြစ်နှင့်၍ ထင်ရှားရှိနေသောဝတ္ထုရုပ်တို့သည် မိမိတို့နောက်မှ ဖြစ်လာ၍ ဝတ္ထုရုပ်ကို မှီတတ်သော စိတ်စေတသိက်များအား တည်ရာမှီရာ အဖြစ်ဖြင့် ကျေးဇူးပြုကြ၏။

ဥပမာ - ကမ္ဘာမြေသည် သစ်ပင်များ၏တည်ရာမှီရာ ဖြစ်ကာ ကျေးဇူးပြုသကဲ့သို့, ပန်းချီကားချပ်သည် ရုပ်ပုံလွှာများ၏ တည်ရာမှီရာ ဖြစ်ကာ ကျေးဇူးပြုသကဲ့သို့ ကျေးဇူးပြုကြပေသည်။

ဤသို့ အတူတကွဖြစ်ပေါ်လာ၍လည်းကောင်း၊ ကြိုတင်ဖြစ်နှင့်၍လည်းကောင်း၊ တည်ရာမှီရာအဖြစ် ကျေးဇူးပြုတတ်သော အကြောင်းတရား၏ စွမ်းဆောင်မှုသတ္တိကိုပင် နိဿယပစ္စည်း၏သတ္တိထူး ဟု ဟောတော်မူသည်။

WWW.DHAMMARANSI.COM



## ၉။ ဥပနိဿယပစ္စည်း

အင်အားကြီးမားသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ဥပနိဿယပစ္စည်း မည်၏။

### ဥပနိဿယပစ္စည်း ၃-မျိုး

ဥပနိဿယပစ္စည်းသည် ၃-မျိုး ရှိ၏။

(၁) အာရမ္မဏ ဥပနိဿယ
(၂) အနန္တရ ဥပနိဿယ
(၃) ပကတ ဥပနိဿယ ဟူ၍ ၃-မျိုး ရှိ၏။

ထိုတွင် -

(၁) စိတ်၏မှီရာပျော်မွေ့ရာဖြစ်၍ အင်အားကြီးမားသောအကြောင်းတရားသည် အာရမ္မဏဥပနိဿယ မည်၏။
(၂) အခြားမဲ့ အင်အားကြီးမားသောအကြောင်းတရားသည် အနန္တရ ဥပနိဿယ မည်၏။
(၃) မိမိသန္တာန်၌ ဖြစ်ပေါ်စေပြီး မှီဝဲရရှိပြီး အားကြီးသောအကြောင်းတရားသည် ပကတ ဥပနိဿယ မည်၏။

### ပစ္စည်း, ပစ္စယုပ္ပန်

(၁) အာရမ္မဏ ဥပနိဿယ

ပစ္စည်း - စွဲမက်ဖွယ် နှစ်သက်ဖွယ်ဖြစ်၍ လွှမ်းမိုးကြီးစိုးနိုင်သော အာရုံတရား။
ပစ္စယုပ္ပန် - အဆိုပါ အာရုံတရားကို အလေးအနက်အာရုံပြုသော စိတ် စေတသိက်များ။

(၂) အနန္တရ ဥပနိဿယ

ပစ္စည်း - ရှေ့ရှေ့ဖြစ်သော စိတ် - ၈၉၊ စေတသိက် - ၅၂။
ပစ္စယုပ္ပန် - နောက်နောက်ဖြစ်သော စိတ် - ၈၉၊ စေတသိက် - ၅၂။

(၃) ပကတ ဥပနိဿယ

ပစ္စည်း - အင်အားကြီးမားသော ရှေ့ရှေ့ဖြစ်သော စိတ် - ၈၉၊ စေတသိက် - ၅၂၊ ပညတ်။
ပစ္စယုပ္ပန် - နောက်နောက်ဖြစ်သော စိတ် - ၈၉၊ စေတသိက် - ၅၂။

### ကျေးဇူးပြုပုံ

စွဲမက်ဖွယ် နှစ်သက်ဖွယ်အာရုံများသည် ထိုအာရုံများအပေါ် အလေးအနက်ထားတတ်သော စိတ် စေတသိက်များ၏ အင်အားကြီးမားသော အကြောင်းတရား ဖြစ်၏။

ရှေ့ရှေ့စိတ်များသည် မျိုးတူသည်ဖြစ်စေ မျိုးကွဲသည်ဖြစ်စေ နောက်နောက်စိတ်များ၏ အင်အားကြီးမားသောအကြောင်းတရား ဖြစ်၏။

မိမိတွေ့ကြုံခံစားရသော ဥတုရာသီ, အစာအာဟာရ, နေထိုင်စရာ အဆောက်အအုံစသော အရာဝတ္ထု, ပေါင်းသင်းဆက်ဆံရသောပုဂ္ဂိုလ်တို့သည် အင်အားကြီးမားသော အကြောင်းတရားများ ဖြစ်ကြ၏။

ဤသို့လျှင် အင်အားကြီးမားသောမှီရာအဖြစ် ကျေးဇူးပြုတတ်သော အကြောင်းတရား၏သတ္တိကိုပင် ဥပနိဿယပစ္စည်း၏သတ္တိထူး ဟု ဟောတော်မူ၏။

* * * * * * * * *

WWW.DHAMMARANSI.COM



## ၁၀။ ပုရေဇာတပစ္စည်း

ရှေးဦးကြိုတင်ဖြစ်ပြီး တည်ရှိနေစဉ် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ပုရေဇာတပစ္စည်း မည်၏။

**ပုရေဇာတပစ္စည်း ၂-မျိုး**

ပုရေဇာတပစ္စည်းသည် (၁) အာရမ္မဏပုရေဇာတ
(၂) ဝတ္ထုပုရေဇာတ ဟူ၍ ၂-မျိုး ရှိ၏။

ထိုတွင် -

(၁) အာရုံဖြစ်လျက် ရှေးဦးကြိုတင်ဖြစ်ပြီး ကျေးဇူးပြုတတ်သော အကြောင်းတရားသည် အာရမ္မဏပုရေဇာတပစ္စည်း မည်၏။

(၂) မှီရာဝတ္ထုဖြစ်လျက် ရှေးဦးကြိုတင်ဖြစ်ပြီး ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ဝတ္ထုပုရေဇာတပစ္စည်း မည်၏။

**ပစ္စည်း, ပစ္စယုပ္ပန်**

(၁) အာရမ္မဏပုရေဇာတ

ပစ္စည်း - နိပ္ဖန္နရုပ် ၁၈-ပါး ဟူသော အာရုံ ၆-ပါး။
ပစ္စယုပ္ပန် - ကာမစိတ် - ၅၄၊ အဘိညာဉ် - ၂
(အပ္ပမညာမှတစ်ပါး) စေတသိက် - ၅၀။

(၂) ဝတ္ထုပုရေဇာတ

ပစ္စည်း - ဝတ္ထုရုပ် ၆-ပါး။
ပစ္စယုပ္ပန် - ဝတ္ထုရုပ်ကို မှီ၍ဖြစ်သော စိတ်စေတသိက်များ။

**ကျေးဇူးပြုပုံ**

အဆင်း အသံ အနံ့ အရသာ အတွေ့ စသော အာရုံများသည် ရှေးဦးဖြစ်နှင့်ကာ တည်ရှိနေစဉ် ထိုအာရုံကို မှီတွယ်ဖြစ်ကြသည့် စိတ်စေတသိက်များအား ကျေးဇူးပြုကြ၏။

မျက်စိ နား နှာ လျှာ ကိုယ် ဟဒယဟူသော ဝတ္ထုရုပ်များသည် ရှေးဦးဖြစ်နှင့်ပြီး မိမိတို့တည်ရှိနေစဉ် နောက်မှ ဖြစ်လာသည့် စိတ်စေတသိက်များအား ကျေးဇူးပြု၏။

ဤသို့လျှင် ရှေးဦးကြိုတင်ဖြစ်၍ တည်ရှိနေစဉ် နောက်မှဖြစ်လာသည့် စိတ်စေတသိက်များအား ကျေးဇူးပြုတတ်သော စွမ်းဆောင်မှုသတ္တိကိုပင် ပုရေဇာတပစ္စည်း၏သတ္တိထူး ဟု ဟောတော်မူ၏။

* * * * * * * * *

## ၁၁။ ပစ္ဆာဇာတပစ္စည်း

ရှေးဦးဖြစ်နှင့်ကာ တည်ရှိနေသောတရားကို နောက်မှဖြစ်လာပြီး အထောက်အကူပြုသော အကြောင်းတရားသည် ပစ္ဆာဇာတပစ္စည်း မည်၏။

**ပစ္စည်း, ပစ္စယုပ္ပန်**

ပစ္စည်း - နောက်နောက်၌ဖြစ်သော အရူပဝိပါက် ၄-ခုမှ တစ်ပါး စိတ် - ၈၅၊ စေတသိက် - ၅၂။
ပစ္စယုပ္ပန် - ရှေ့ရှေ့စိတ်နှင့်အတူ ဖြစ်လာခဲ့သော ရုပ်တရားများ။

WWW.DHAMMARANSI.COM



**ကျေးဇူးပြုပုံ**

နောက်မှ ဖြစ်ပေါ်လာသည့် စိတ်စေတသိက်များသည် ရှေးဦးဖြစ်နှင့်ကာ တည်ရှိနေသော ရုပ်အပေါင်းအား ကျေးဇူးပြု၏၊ ဥပမာ - လင်းတငှက်ငယ်လေး၏ မိခင်ငှက်မကြီး ပြန်လာလျှင် အစာစားရလိမ့်မည်ဟူသော မျှော်လင့်ချက်အာသာသည် နောက်မှဖြစ်လာသော်လည်း ရှေးဦးဖြစ်နှင့်ကာ တည်ရှိပြီး ကိုယ်ကာယအား ဆက်လက်ရှင်သန်အောင် အထောက်အကူ ပြုသကဲ့သို့တည်း။

ဤသို့ ရှေးဦးဖြစ်နှင့်ကာ တည်ရှိနေသည့်တရားအား နောက်မှဖြစ်လာပြီး အထောက်အကူ ကျေးဇူးပြုသော အကြောင်းတရား၏သတ္တိကိုပင် ပစ္ဆာဇာတပစ္စည်း၏သတ္တိထူး ဟု ဟောတော်မူ၏။

* * * * * * * * *

## ၁၂။ အာသေဝနပစ္စည်း

မိမိ၏အခြားမဲ့၌ ဖြစ်သောတရားများကို အဖန်ဖန်အထပ်ထပ် ဖြစ်စေခြင်းဖြင့် ကျင့်သားရပြီး အားကောင်းလာစေရန် စွမ်းဆောင်တတ်သော အကြောင်းတရားသည် အာသေဝနပစ္စည်း မည်၏။

**ပစ္စည်း, ပစ္စယုပ္ပန်**

ပစ္စည်း - ရှေ့ရှေ့၌ဖြစ်သော လောကီဇောစိတ် - ၄၇၊ စေတသိက် - ၅၂ ။

ပစ္စယုပ္ပန် - နောက်နောက်၌ဖြစ်သော ဖိုလ်ဇောမှ တစ်ပါး ဇောစိတ် - ၅၁၊ စေတသိက် - ၅၂ ။

**ကျေးဇူးပြုပုံ**

ရှေ့ရှေ့၌ဖြစ်သော ကုသိုလ်ဇော, အကုသိုလ်ဇော, ကြိယာဇောစိတ်များသည် မိမိ၏အခြားမဲ့၌ဖြစ်သော နောက်နောက်မျိုးတူဇောစိတ်များအား အဖန်ဖန်အထပ်ထပ် ဖြစ်စေခြင်းဖြင့် အင်အားကြီးထွားစေရန် ကျေးဇူးပြု၏၊ ဥပမာ - စာပေသင်ယူရာ၌ ရှေ့ရှေ့သင်ယူမှုက နောက်နောက်သင်ယူမှုအား လွယ်ကူအောင် ကျေးဇူးပြုသကဲ့သို့တည်း။

ဤသို့လျှင် မိမိ၏အခြားမဲ့၌ အလားတူတရားများကို အဖန်ဖန်အထပ်ထပ် ဖြစ်စေခြင်း ကျင့်သားရပြီး အားရှိအောင် စွမ်းဆောင်နိုင်သော ရှေ့ရှေ့ဇောစိတ်များ၏သတ္တိကိုပင် အာသေဝနပစ္စည်း၏သတ္တိထူးဟု ဟောတော်မူ၏။

* * * * * * * * *

## ၁၃။ ကမ္မပစ္စည်း

စိတ်၏ဗျာပါရဟု ဆိုအပ်သော ပြုလုပ်ခြင်းအားဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ကမ္မပစ္စည်း မည်၏။

**ကမ္မပစ္စည်း ၂-မျိုး**

ကမ္မပစ္စည်းသည် (၁) နာနာက္ခဏိကကမ္မပစ္စည်း၊
(၂) သဟဇာတကမ္မပစ္စည်း ဟူ၍ ၂-မျိုး ရှိ၏။

ထိုတွင် -

(၁) မိမိဖြစ်ဆဲခဏ၌ အကျိုးကိုမဖြစ်စေဘဲ မတူကွဲပြားသောခဏ၌သာ အကျိုးကို ဖြစ်စေတတ်သော ကုသိုလ်စေတနာ အကုသိုလ်စေတနာကံကို နာနာက္ခဏိကကမ္မပစ္စည်း ဟု ခေါ်၏။

WWW.DHAMMARANSI.COM



(၂) စေတနာစေတသိက်သည် မိမိနှင့်အတူတကွဖြစ်ကြသော စိတ် စေတသိက် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် တို့အား ကျေးဇူးပြု၏၊ ဤသို့ တကွဖြစ်ဖက် တရားများအား ကျေးဇူးပြုတတ်သောစေတနာကို သဟဇာတ ကမ္မပစ္စည်း ဟု ခေါ်၏။

**ပစ္စည်း, ပစ္စယုပ္ပန်**

(၁) နာနာက္ခဏိက ကမ္မ

ပစ္စည်း - ကုသိုလ်စေတနာ -၂၁၊ အကုသိုလ်စေတနာ - ၁၂။

ပစ္စယုပ္ပန် - ဝိပါက်စိတ် - ၃၆၊ စေတသိက် - ၃၈၊ ကမ္မဇရုပ်။

(၂) သဟဇာတကမ္မ

ပစ္စည်း - စေတနာ။

ပစ္စယုပ္ပန် - စိတ် - ၈၉၊ စေတနာမှတစ်ပါး စေတသိက် - ၅၁၊
စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။

**ကျေးဇူးပြုပုံ**

ကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာ, အကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာ (ကုသိုလ်ကံ, အကုသိုလ်ကံ) သည် အကျိုးဝိပါက် စိတ်စေတသိက်များ, ကမ္မဇရုပ်များ ဖြစ်ပေါ်စေရန် ကျေးဇူးပြု၏၊ ကုသိုလ်ကံ, အကုသိုလ်ကံ သည် မိမိဖြစ်ခိုက်ခဏ၌ အကျိုးတရားများကို မဖြစ်ပေါ်စေ၊ မိမိချုပ်ငြိမ်းပြီးနောက် မိမိအခြားမဲ့ခဏ၌ ဖြစ်စေ၊ အချိန်ကြာမြင့်ပြီးမှ ဖြစ်စေ အကျိုးတရားများကို ဖြစ်ပေါ်စေသည်။

ထို့ပြင် စေတနာစေတသိက်သည် မိမိနှင့်အတူတကွ ဖြစ်သော စိတ်စေတသိက်နှင့် ရုပ်တရားတို့ကို မိမိ၏ဗျာပါရမျိုး ဖြစ်ပေါ်စေလျက် ကျေးဇူးပြု၏။

ဤသို့လျှင် အကျိုးဝိပါက်စိတ်စေတသိက်နှင့် ကမ္မဇရုပ်များကို ဖြစ်ပေါ်စေတတ်သော ကံတရား၏လည်း ကောင်း၊ အတူတကွဖြစ်သော စိတ်စေတသိက်နှင့် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်များအား စေတနာဗျာပါရမျိုး ဖြစ်စေရန် ကျေးဇူးပြုတတ်သော စေတနာစေတသိက်၏လည်းကောင်း စွမ်းဆောင်မှုသတ္တိကိုပင် ကမ္မပစ္စည်း၏ သတ္တိထူး ဟု ဟောတော်မူသည်။

* * * * * * * * *

## ၁၄။ ဝိပါကပစ္စည်း

အားထုတ်မှုကင်း ငြိမ်သက်ခြင်းမျိုးဖြစ်စေရန် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ဝိပါကပစ္စည်း မည်၏။

**ပစ္စည်း, ပစ္စယုပ္ပန်**

ပစ္စည်း - ဝိပါက်စိတ် - ၃၆၊ စေတသိက် - ၃၈

ပစ္စယုပ္ပန် - ဝိပါက်စိတ် - ၃၆၊ စေတသိက် - ၃၈
စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ။

**ကျေးဇူးပြုပုံ**

ဝိပါက်စိတ်စေတသိက်တို့သည် ကံတရား၏ အကျိုးပုံရိပ်များသာ ဖြစ်ကြ၍ အားထုတ်မှုကင်းသော ငြိမ်သက်ခြင်းဖြင့် ငြိမ်သက်ကြ၏၊ ၎င်းတို့သည် မိမိတို့အချင်းချင်းနှင့် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်များအား အားထုတ်မှုကင်း ငြိမ်သက်ခြင်း ရှိစေရန် ကျေးဇူးပြုကြ၏။

WWW.DHAMMARANSI.COM



ဤသို့လျှင် အားထုတ်မှုကင်း ငြိမ်သက်ခြင်း ဖြစ်စေရန် ကျေးဇူးပြုတတ်သော ဝိပါက်စိတ်စေတသိက်တို့၏ စွမ်းဆောင်မှုသတ္တိကိုပင် ဝိပါကပစ္စည်း၏သတ္တိထူး ဟု ဟောတော်မူ၏။

* * * * * * * * *

## ၁၅။ အာဟာရပစ္စည်း

သက်ဆိုင်ရာအကျိုးတရားများကို လွန်စွာစွမ်းဆောင်နိုင်သော အကြောင်းတရားသည် အာဟာရပစ္စည်း မည်၏။

**အာဟာရပစ္စည်း ၂-မျိုး**

အာဟာရပစ္စည်းသည် (၁) ရုပ်အာဟာရပစ္စည်း
(၂) နာမ်အာဟာရပစ္စည်း ဟူ၍ ၂-မျိုး ရှိ၏။

ထိုတွင် -

(၁) အဇ္ဈတ္တသန္တာန်၌ ဖြစ်သော အကြောင်းတရား ၄-ပါးကြောင့်ဖြစ်သော ဩဇာသည် ရုပ်အာဟာရ မည်၏၊ ၎င်းဩဇာရုပ်သည် အစာအာဟာရများ၌ တည်ရှိ၏၊ ဩဇာ၏တည်ရာ အစာအာဟာရကို အတုံးအခဲ အလုတ်အလွေ့ပြု၍ စားမျိုအပ်သောကြောင့် ကဗဠီကာရအာဟာရ ဟု ခေါ်၏။

(၂) နာမ်အာဟာရသည် ဖဿ၊ စေတနာ၊ ဝိညာဏ် ဟူ၍ ၃-မျိုး ရှိ၏၊ ရုပ်အာဟာရ ၁-ပါး၊ နာမ်အာဟာရ ၃-ပါးရှိသဖြင့် အာဟာရ ၄-ပါးရှိသည်ဟု မှတ်ရာ၏။

**ပစ္စည်း, ပစ္စယုပ္ပန်**

(၁) ရုပ်အာဟာရပစ္စည်း
ပစ္စည်း - ဩဇာ။
ပစ္စယုပ္ပန် - အာဟာရကြောင့် ဖြစ်သောရုပ်များ၊
(တစ်နည်း) အကြောင်း ၄-ပါးကြောင့် ဖြစ်သောရုပ်များ။

(၂) နာမ်အာဟာရပစ္စည်း
ပစ္စည်း - ဖဿ၊ စေတနာ၊ ဝိညာဏ်။
ပစ္စယုပ္ပန် - စိတ်စေတသိက်၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။

**ကျေးဇူးပြုပုံ**

ကဗဠီကာရအာဟာရ ခေါ် ဩဇာရုပ်သည် သက်ရှိသတ္တဝါများ၏ ကိုယ်ကာယ ရှည်ကြာစွာ တည်ရှိဖွံ့ ထွားအောင် စွမ်းဆောင်လျက် ကျေးဇူးပြု၏။

ဖဿသည် ခံစားမှုဝေဒနာ ဖြစ်ပေါ်အောင် စွမ်းဆောင်လျက် ကျေးဇူးပြု၏။

စေတနာသည် ပဋိသန္ဓေကို ဖြစ်ပေါ်စေရန် စွမ်းဆောင်လျက် ကျေးဇူးပြု၏။

ဝိညာဏ်သည် နာမ်ရုပ် တိုးတက်ဖြစ်ပွားစေရန် စွမ်းဆောင်လျက် ကျေးဇူးပြု၏။

ဤသို့လျှင် ရုပ်ခန္ဓာ၏တည်တံ့ဖွံ့ထွားမှုကို စွမ်းဆောင်သော ဩဇာ၏သတ္တိ၊ ဝေဒနာကို ဖြစ်ပေါ်စေတတ်သော ဖဿ၏သတ္တိ၊ ပဋိသန္ဓေကျိုးကို ဖြစ်စေတတ်သော စေတနာ၏သတ္တိ၊ နာမ်ရုပ်များ တိုးတက်ဖြစ်ပွားစေရန် စွမ်းဆောင်တတ်သော ဝိညာဏ်၏ သတ္တိတို့ကိုပင် အာဟာရပစ္စည်း၏ သတ္တိထူး ဟု ဟောတော်မူ၏။

* * * * * * * * *

WWW.DHAMMARANSI.COM



## ၁၆။ ဣန္ဒြိယပစ္စည်း

မိမိဆိုင်ရာကိစ္စ၌ အစိုးတရ ချုပ်ကိုင်အုပ်စိုးလျက် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ဣန္ဒြိယ ပစ္စည်း မည်၏။

### ဣန္ဒြိယပစ္စည်း ၃-မျိုး

ဣန္ဒြိယပစ္စည်းသည် (၁) သဟဇာတဣန္ဒြိယ
(၂) ပုရေဇာတဣန္ဒြိယ
(၃) ရူပဇီဝိတဣန္ဒြိယ ဟူ၍ ၃-မျိုး ရှိ၏။

ထိုတွင် -

(၁) အတူတကွဖြစ်လျက် ကြီးစိုးကာ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် သဟဇာတဣန္ဒြိယ မည်၏။

(၂) ရှေးဦးဖြစ်နှင့်၍ ကြီးစိုးကာ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ပုရေဇာတဣန္ဒြိယ မည်၏။

(၃) ကမ္မဇရုပ်များကို ကြီးစိုးကာ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ရူပဇီဝိတဣန္ဒြိယ မည်၏။

### ပစ္စည်း, ပစ္စယုပ္ပန်

(၁) သဟဇာတဣန္ဒြိယ

ပစ္စည်း - ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဟူသော နာမ်ဣန္ဒြေ တရားကိုယ် ၈-ပါး။

ပစ္စယုပ္ပန် - စိတ် - ၈၉၊ စေတသိက် - ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။

(၂) ပုရေဇာတဣန္ဒြိယ

ပစ္စည်း - စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဝတ္ထုရုပ် ၅-ပါး။

ပစ္စယုပ္ပန် - ဒွေပဉ္စဝိညာဏ် ၁၀၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး။

(၃) ရူပဇီဝိတဣန္ဒြိယ

ပစ္စည်း - ရုပ်ဇီဝိတ။

ပစ္စယုပ္ပန် - ရုပ်ဇီဝိတမှတစ်ပါးသော ကလာပ်တူ ကမ္မဇရုပ် ၉-ပါး။

### ကျေးဇူးပြုပုံ

နာမ်ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဟူသော နာမ်ပိုင်းဆိုင်ရာ ဣန္ဒြေ တရားများသည် ဆိုင်ရာကိစ္စအသီးသီး၌ အတူတကွဖြစ်သော နာမ်ရုပ်တရားများအား ကြီးစိုးလျက် ကျေးဇူးပြု၏။

စက္ခုန္ဒြေ (ခေါ်) မျက်စိအကြည်ရုပ်သည် မြင်သိစိတ်စေတသိက်တရားများအား မြင်မှုကိစ္စ၌ ကြီးစိုးလျက် ကျေးဇူးပြု၏၊ ထင်ရှားစေအံ့ - မျက်စိအကြည်ရုပ် အားကောင်းလျှင် မြင်သိစိတ် အားကောင်း၏၊ အားနည်းလျှင် အားနည်း၏၊ ဤသည်မှာ မြင်မှုကိစ္စ၌ မျက်စိအကြည်ရုပ်(စက္ခုန္ဒြေ)က မြင်သိစိတ်စေတသိက်တို့ကို စိုးပိုင်ချုပ်ကိုင် ထားပုံ ဖြစ်၏။

ထို့အတူ သောတိန္ဒြေ(နားအကြည်ရုပ်)သည် ကြားမှုကိစ္စ၌ ကြားသိစိတ် စေတသိက်များကို ကြီးစိုးထား၏၊ ဃာနိန္ဒြေ(နှာခေါင်းအကြည်ရုပ်)သည် နမ်းရှူမှုကိစ္စ၌ နံသိစိတ်စေတသိက်များကို ကြီးစိုး၏၊ ဇိဝှိန္ဒြေ (လျှာအကြည်ရုပ်)သည် လျက်မှုကိစ္စ၌ လျက်သိစိတ်စေတသိက်များကို ကြီးစိုး၏၊ ကာယိန္ဒြေ(ကိုယ်အကြည်ရုပ်)သည် ထိတွေ့မှု ကိစ္စ၌ ထိသိစိတ်စေတသိက်များကို ကြီးစိုး၏။

ရုပ်ဇီဝိတိန္ဒြေသည် စောင့်ထိန်းမှုကိစ္စ၌ ကမ္မဇရုပ်(ကဋတ္တာရုပ်)များကို ကြီးစိုး၏။

WWW.DHAMMARANSI.COM



ဤသို့လျှင် မိမိဆိုင်ရာကိစ္စ၌ အစိုးတရချုပ်ကိုင်အုပ်စိုးလျက်ကျေးဇူးပြုတတ်သော အကြောင်းတရားများ၏ စွမ်းဆောင်မှုသတ္တိကိုပင် ဣန္ဒြိယပစ္စည်း၏သတ္တိထူး ဟု ဟောတော်မူ၏။

* * * * * * * * *

## ၁၇။ ဈာနပစ္စည်း

အာရုံကို စူးစိုက်ရှုလျက် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ဈာနပစ္စည်း မည်၏။

### ပစ္စည်း, ပစ္စယုပ္ပန်

ပစ္စည်း - ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ဟူသော ဈာနင်တရားကိုယ် ၅-ပါး။

ပစ္စယုပ္ပန် - ဒွေပဉ္စဝိညာဏ်မှတစ်ပါး စိတ် - ၇၉၊ စေတသိက် - ၅၂၊
စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်။

### ကျေးဇူးပြုပုံ

ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ ၅-ပါးတို့သည် အတူတကွဖြစ်ကြသော စိတ်စေတသိက်နှင့် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်များအား အာရုံကို စူးစိုက်ရှုစေလျက် ကျေးဇူးပြု၏။

**မှတ်ချက်** ။ ။ သမထကျင့်စဉ်ဖြင့် ရရှိလာသော ဈာန်တရားကိုသာ ဈာနပစ္စယော ဟု ဟောသည် မဟုတ်၊ အကုသိုလ်စိတ်နှင့် ယှဉ်သောဝိတက် စသည်ကိုပါ ဈာနပစ္စယောဟု ဟောတော်မူသည် ဟု မှတ်။

ဤသို့ အာရုံကို စူးစိုက်ရှုစေလျက် ကျေးဇူးပြုတတ်သော အကြောင်းတရား၏ စွမ်းဆောင်မှုသတ္တိကိုပင် ဈာနပစ္စည်း၏သတ္တိထူး ဟု ဟောတော်မူ၏။

* * * * * * * * *

## ၁၈။ မဂ္ဂပစ္စည်း

ထုတ်ဆောင်တတ်သော လမ်းကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် မဂ္ဂပစ္စည်း မည်၏။

### ပစ္စည်း, ပစ္စယုပ္ပန်

ပစ္စည်း - ပညာ၊ ဝိတက်၊ ဝိရတီ ၃-ခု၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ ဟူသော မဂ္ဂင်တရားကိုယ် ၉-ပါး။

ပစ္စယုပ္ပန် - သဟိတ်စိတ် - ၇၁၊ စေတသိက် - ၅၂၊
သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

### ကျေးဇူးပြုပုံ

မဂ္ဂင်တရားကိုယ် ၉-ပါးသည် အတူတကွဖြစ်သော စိတ်စေတသိက်နှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်များကို ထုတ်ဆောင်တတ်သော လမ်းကြောင်းအဖြစ်ဖြင့် ကျေးဇူးပြု၏။

ဤသို့ အကျိုးတရားများကိုပါ ထုတ်ဆောင်တတ်သောလမ်းကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော မဂ္ဂင်တရားကိုယ် ၉-ပါး၏ စွမ်းဆောင်မှုသတ္တိကိုပင် မဂ္ဂပစ္စည်း၏သတ္တိထူး ဟု ဟောတော်မူ၏။

* * * * * * * * *

WWW.DHAMMARANSI.COM



## ၁၉။ သမ္ပယုတ္တပစ္စည်း

ယှဉ်တွဲပေါင်းစပ်ခြင်းအားဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် သမ္ပယုတ္တပစ္စည်း မည်၏။

**ပစ္စည်း, ပစ္စယုပ္ပန်**

ပစ္စည်း - စိတ် - ၈၉၊ စေတသိက် - ၅၂

ပစ္စယုပ္ပန် - စိတ် - ၈၉၊ စေတသိက် - ၅၂

**ကျေးဇူးပြုပုံ**

မှီရာဝတ္ထုတူခြင်း၊ အာရုံပြုရာတူခြင်း၊ ဖြစ်မှုခဏတူခြင်း၊ ချုပ်မှုခဏတူခြင်း ဟူ၍ ပေါင်းစပ်ယှဉ်တွဲမှုလက္ခဏာ ၄-ရပ်နှင့် အညီဖြစ်သော စိတ်စေတသိက်များသည် အချင်းချင်း အပြန်အလှန် ယှဉ်တွဲပေါင်းစပ်ခြင်း အဖြစ်ဖြင့် ကျေးဇူးပြုကြ၏။

ဤသို့ ယှဉ်တွဲပေါင်းစပ်သောအားဖြင့် ကျေးဇူးပြုတတ်သော စိတ်စေတသိက်တို့၏ စွမ်းဆောင်မှုသတ္တိကိုပင် သမ္ပယုတ္တပစ္စည်း၏သတ္တိထူး ဟု ဟောတော်မူသည်။

* * * * * * * * *

## ၂၀။ ဝိပ္ပယုတ္တပစ္စည်း

အတူတကွ တည်ရှိကြသော်လည်း ပေါင်းစပ်ရောနှောခြင်း မရှိဘဲ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ဝိပ္ပယုတ္တပစ္စည်း မည်၏။

**ဝိပ္ပယုတ္တပစ္စည်း ၃-မျိုး**

ဝိပ္ပယုတ္တပစ္စည်းသည် (၁) သဟဇာတ ဝိပ္ပယုတ္တ

(၂) ပုရေဇာတ ဝိပ္ပယုတ္တ

(၃) ပစ္ဆာဇာတ ဝိပ္ပယုတ္တ ဟူ၍ ၃-မျိုး ရှိ၏။

ထိုတွင် -

(၁) အတူတကွဖြစ်လျက် ပေါင်းစပ်ရောနှောခြင်း မရှိဘဲ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် သဟဇာတဝိပ္ပယုတ္တ မည်၏။

(၂) ရှေးဦးဖြစ်နှင့်၍ ပေါင်းစပ်ရောနှောခြင်းမရှိဘဲ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ပုရေဇာတဝိပ္ပယုတ္တ မည်၏။

(၃) နောက်မှဖြစ်ပြီး ရောနှောပေါင်းစပ်ခြင်း မရှိဘဲ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ပစ္ဆာဇာတဝိပ္ပယုတ္တ မည်၏။

**ပစ္စည်း, ပစ္စယုပ္ပန်**

(၁) သဟဇာတဝိပ္ပယုတ္တ

ပစ္စည်း - ရုပ်ကို ဖြစ်စေတတ်သောစိတ် - ၇၅၊ စေတသိက် - ၅၂ နှင့်
ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု။

ပစ္စယုပ္ပန် - စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်နှင့်
ဟဒယဝတ္ထု၊ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ။

(၂) ပုရေဇာတဝိပ္ပယုတ္တသည် ဝတ္ထုပုရေဇာတပစ္စည်းနှင့် ပစ္စည်း, ပစ္စယုပ္ပန် တူ၏။

(၃) ပစ္ဆာဇာတဝိပ္ပယုတ္တသည် ပစ္ဆာဇာတပစ္စည်းနှင့် ပစ္စည်း, ပစ္စယုပ္ပန် တူ၏။

WWW.DHAMMARANSI.COM



**ကျေးဇူးပြုပုံ**

ရုပ်တရားများနှင့် နာမ်တရားများ၊ နာမ်တရားများနှင့် ရုပ်တရားများတို့သည် အတူတကွတည်ရှိကြသော်လည်း ပေါင်းစပ်ရောနှောခြင်း မရှိဘဲ ကျေးဇူးပြုကြ၏၊ ဤသို့ ပေါင်းစပ်ရောနှောခြင်း မရှိဘဲ ကျေးဇူးပြုတတ်သော အကြောင်းတရား၏ စွမ်းဆောင်မှုသတ္တိကိုပင် ဝိပ္ပယုတ္တပစ္စည်း၏သတ္တိထူး ဟု ဟောတော်မူ၏။

* * * * * * * * *

## ၂၁။ အတ္ထိပစ္စည်း

ရှိနေခိုက်မှာသာ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် အတ္ထိပစ္စည်း မည်၏။

**အတ္ထိပစ္စည်း ၅-မျိုး**

အတ္ထိပစ္စည်းသည် (၁) သဟဇာတအတ္ထိ
(၂) ပုရေဇာတအတ္ထိ
(၃) ပစ္ဆာဇာတအတ္ထိ
(၄) အာဟာရအတ္ထိ
(၅) ဣန္ဒြိယအတ္ထိ ဟူ၍ ၅-မျိုး ရှိ၏။

ထိုတွင် -

(၁) အတူတကွဖြစ်ပြီး ထင်ရှားရှိခိုက်မှာသာ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် သဟဇာတအတ္ထိ
(၂) ရှေးဦးဖြစ်နှင့်ပြီး ထင်ရှားရှိခိုက်မှာသာ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ပုရေဇာတအတ္ထိ
(၃) နောက်မှဖြစ်၍ ထင်ရှားရှိခိုက်မှာသာ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ပစ္ဆာဇာတအတ္ထိ
(၄) စွမ်းဆောင်မှုလွန်ကဲ၍ ထင်ရှားရှိခိုက်မှာသာ ကျေးဇူးပြုတတ်သော ကြောင်းတရားသည် အာဟာရအတ္ထိ
(၅) ချုပ်ကိုင်အုပ်စိုးလျက် ထင်ရှားရှိခိုက်မှာသာ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ဣန္ဒြိယအတ္ထိ မည်၏။

**ပစ္စည်း, ပစ္စယုပ္ပန်** - သဟဇာတအတ္ထိသည် သဟဇာတနှင့် တူ၏၊
ပုရေဇာတအတ္ထိသည် ပုရေဇာတနှင့် တူ၏၊
ပစ္ဆာဇာတအတ္ထိသည် ပစ္ဆာဇာတနှင့် တူ၏၊
အာဟာရအတ္ထိသည် ရုပ်အာဟာရနှင့် တူ၏၊
ဣန္ဒြိယအတ္ထိသည် ရူပဇီဝိတိန္ဒြိယနှင့် တူ၏။

**ကျေးဇူးပြုပုံ**

မိမိနှင့်ပြိုင်တူဖြစ်သည် ဖြစ်စေ၊ ကြိုတင်ဖြစ်နှင့်သည်ဖြစ်စေ၊ နောက်မှဖြစ်သည် ဖြစ်စေ၊ မိမိဖြစ်လာပြီး ထင်ရှားရှိခိုက်မှာသာ ဖြစ်ပြီး၍ ထင်ရှားရှိဆဲအကျိုးတရားများကို ကျေးဇူးပြု၏၊ ဤသို့ ထင်ရှားရှိခိုက်မှာသာ ကျေးဇူးပြုတတ်သော အကြောင်းတရား၏ စွမ်းဆောင်မှုသတ္တိကိုပင် အတ္ထိပစ္စည်း၏သတ္တိထူး ဟု ဟောတော်မူ၏။

* * * * * * * * *

WWW.DHAMMARANSI.COM



## ၂၂။ နတ္ထိပစ္စည်း

မိမိ မရှိသည့်နောက်မှသာ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် နတ္ထိပစ္စည်း မည်၏။
နတ္ထိပစ္စည်းသည် အနန္တရပစ္စည်းနှင့် ပစ္စည်း, ပစ္စယုပ္ပန် တူ၏။

**ကျေးဇူးပြုပုံ**

မိမိ၏အခြားမဲ့၌ဖြစ်လာမည့် နာမ်တရားများအား မိမိမရှိတော့သည့်နောက်မှသာ ဖြစ်ပေါ်လာရန် အခွင့်အရေးပေးသောအားဖြင့် ကျေးဇူးပြု၏၊ ရှေ့ရှေ့အခြားမဲ့၌ ချုပ်ငြိမ်းပြီး၍ လုံးဝမရှိသော စိတ်စေတသိက်တရားများသည် နောက်နောက်၌ဖြစ်လာမည့် စိတ်စေတသိက်များအား နတ္ထိသတ္တိဖြင့် ကျေးဇူးပြု၏။

ဤသို့ မိမိ မရှိသည့်နောက်မှသာ မရှိသောအားဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရား၏ စွမ်းဆောင်မှုသတ္တိကိုပင် နတ္ထိပစ္စည်း၏ သတ္တိထူး ဟု ဟောတော်မူသည်။

* * * * * * * * *

## ၂၃။ ဝိဂတပစ္စည်း

လုံးဝချုပ်ငြိမ်း ပြတ်စဲပြီးမှ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ဝိဂတပစ္စည်း မည်၏။
ဝိဂတပစ္စည်းသည် နတ္ထိပစ္စည်းနှင့် ပစ္စည်း, ပစ္စယုပ္ပန် တူ၏။

* * * * * * * * *

## ၂၄။ အဝိဂတပစ္စည်း

ချုပ်ငြိမ်းပြတ်စဲခြင်း မဖြစ်သေးမီ ကျေးဇူးပြုတတ်သော အကြောင်းတရားသည် အဝိဂတပစ္စည်း မည်၏။
အဝိဂတပစ္စည်းသည် အတ္ထိပစ္စည်းနှင့် ပစ္စည်း, ပစ္စယုပ္ပန် တူ၏။

**ပဋ္ဌာန်း ၂၄-ပစ္စည်း (သဘောအကျဉ်း) ပြီး၏။**

~ ~ ~ ~ ~ ~ ~ ~ ~ ~

WWW.DHAMMARANSI.COM



# ပဌာန်း ၂၄-ပစ္စည်း မေတ္တာပွားနည်း

၁။ **ဟေတုပစ္စယော** - သတ္တဝါအားလုံး မကောင်းသော (လောဘ, ဒေါသ, မောဟ) ဟိတ်တရားများကို ပယ်ရှားနိုင်ကြ၍ ကောင်းသော (အလောဘ, အဒေါသ, အမောဟ) ဟိတ်တရားများ တိုးတက်ခိုင်မြဲနိုင်ကြပါစေ။

၂။ **အာရမ္မဏပစ္စယော** - သတ္တဝါအားလုံး မကောင်းသောအာရုံများ၌ မမွေ့လျော်ကြဘဲ ကောင်းသောအာရုံများ၌သာ မွေ့လျော်နိုင်ကြပါစေ။

၃။ **အဓိပတိပစ္စယော** - သတ္တဝါအားလုံး မကောင်းတရားများ၌ ဆန္ဒ, စိတ္တ, ဝီရိယတရားများနှင့် ကြီးမှူးဦးမဆောင်နိုင်ဘဲ ကောင်းသောတရားများ၌ ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတရားများနှင့် ကြီးမှူးဦးဆောင်သွားနိုင်ကြပါစေ။

၄။ **အနန္တရပစ္စယော** - သတ္တဝါအားလုံး မကောင်းသော စိတ်, စေတသိက်(နာမ်)တရားများ အကြားမလပ် ဆက်တိုက်မဖြစ်ကြဘဲ ကောင်းသော စိတ်,စေတသိက်(နာမ်)တရားများသာလျှင် အကြားမရှိ စဉ်ဆက် ဖြစ်နိုင်ကြပါစေ။

၅။ **သမနန္တရပစ္စယော** - သတ္တဝါအားလုံး မကောင်းသော စိတ်,စေတသိက်(နာမ်)တရားများ ကောင်းစွာအကြားမလပ် ဆက်တိုက်မဖြစ်ကြဘဲ ကောင်းသော စိတ်, စေတသိက် (နာမ်) တရားများသည်သာလျှင် ကောင်းစွာအကြားမရှိ စဉ်ဆက်ဖြစ်နိုင်ပါစေ။

၆။ **သဟဇာတပစ္စယော** - သတ္တဝါအားလုံး မကောင်းသော ရုပ်နာမ်တရားများ အတူတကွ မဖြစ်ကြဘဲ ကောင်းသောရုပ်နာမ်တရားများသည်သာလျှင် အတူတကွ ဖြစ်နိုင်ကြပါစေ။

၇။ **အညမညပစ္စယော** - သတ္တဝါအားလုံး မကောင်းသော ရုပ်နာမ်တရားများ အချင်းချင်းယှဉ်တွဲ၍ အပြန်အလှန်ကျေးဇူးမပြုကြဘဲ ကောင်းသောရုပ်နာမ်တရားများသည်သာလျှင် အချင်းချင်း ယှဉ်တွဲသောအားဖြင့် အပြန်အလှန် ကျေးဇူးပြုနိုင်ကြပါစေ။

၈။ **နိဿယပစ္စယော** - သတ္တဝါအားလုံး မကောင်းသောရုပ်နာမ်တရားများ၌မှီ၍ မဖြစ်ကြဘဲ ကောင်းသောရုပ်နာမ်တရားများ၌သာ အမှီပြု၍ ဖြစ်နိုင်ကြပါစေ။

၉။ **ဥပနိဿယပစ္စယော** - သတ္တဝါအားလုံး မကောင်းသော(ပညတ်, နာမ်, ရုပ်)တရားများ၌ အားကြီးသော မှီရာအဖြစ် အမှီမပြုကြဘဲ ကောင်းသော (ပညတ်, နာမ်, ရုပ်)တရားများ၌သာ အားကြီးသော မှီရာအဖြစ် အမှီပြု၍ ဖြစ်နိုင်ကြပါစေ။

၁၀။ **ပုရေဇာတပစ္စယော** - သတ္တဝါအားလုံး မကောင်းသော ရုပ်တရားများ ရှေးဦးစွာ ကြိုတင်၍ မဖြစ်နှင့်ကြဘဲ ကောင်းမွန်သော ရုပ်တရားများသည်သာ ဖြစ်နှင့် နိုင်ကြပါစေ။

၁၁။ **ပစ္ဆာဇာတပစ္စယော** - သတ္တဝါအားလုံး ဖြစ်နှင့်ပြီး ရုပ်တရားများအား နောက်မှဖြစ်သော နာမ်တရားများက ကျေးဇူးပြုရာတွင် မကောင်းသော နာမ်တရားများက ကျေးဇူးမပြုကြဘဲ ကောင်းမွန်သော နာမ်တရားများကသာ ကျေးဇူးပြုနိုင်ကြပါစေ။

၁၂။ **အာသေဝနပစ္စယော** - သတ္တဝါအားလုံး မကောင်းသောအကုသိုလ်တရားများ အဖန်တလဲလဲထုံခြင်းသဘောဖြင့် ထပ်ကာ ထပ်ကာ မဖြစ်ကြဘဲ ကောင်းမွန်သန့်စင်သော ကုသိုလ်

WWW.DHAMMARANSI.COM



တရားများသည်သာ အဖန်တလဲလဲ ထုံခြင်းသဘောဖြင့် ကြိမ်ဖန်များစွာ ဖြစ်နိုင်ကြပါစေ။

၁၃။ **ကမ္မပစ္စယော** - သတ္တဝါအားလုံး မကောင်းသောအကုသိုလ်တရားများကို မပြုလုပ် အားမထုတ်နိုင်ကြဘဲ ကောင်းသောကုသိုလ်တရားများကိုသာ ပြုလုပ်အားထုတ်နိုင်ကြပါစေ။

၁၄။ **ဝိပါကပစ္စယော** - သတ္တဝါအားလုံး မကောင်းသော အကုသိုလ်အကျိုးတရားများ မရရှိ မခံစားနိုင်ကြဘဲ ကောင်းသောကုသိုလ်အကျိုးတရားများကိုသာလျှင် ရရှိခံစားနိုင်ကြပါစေ။

၁၅။ **အာဟာရပစ္စယော** - သတ္တဝါအားလုံး ရရှိထားရာ ခန္ဓာကြီးအား မကောင်းသော ရုပ်နာမ်တရားများနှင့် မထောက်ပံ့နိုင်ကြဘဲ ကောင်းသောရုပ်နာမ်တရားများနှင့်သာလျှင် ထောက်ပံ့နိုင် ဆောင်နိုင်ကြပါစေ။

၁၆။ **ဣန္ဒြိယပစ္စယော** - သတ္တဝါအားလုံး မကောင်းသော ရုပ်နာမ်တရားများ၌ အစိုးမရနိုင်ကြဘဲ ကောင်းသော ရုပ်နာမ်တရားများ၌သာ အစိုးရနိုင်ကြပါစေ။

၁၇။ **ဈာနပစ္စယော** - သတ္တဝါအားလုံး မကောင်းသော တရားများ၌ မစူးစိုက် အာရုံမပြုနိုင်ကြဘဲ ကောင်းသောတရားများ၌သာ စူးစူးစိုက်စိုက် အာရုံပြုရှုမှတ်နိုင်ကြပါစေ။

၁၈။ **မဂ္ဂပစ္စယော** - သတ္တဝါအားလုံး ဒုဂ္ဂတိဘုံသို့ရောက်စေတတ်သည့် မကောင်းသောအကုသိုလ် ခရီးလမ်းကြောင်းကို မလျှောက်လှမ်းနိုင်ကြဘဲ သုဂတိဘုံဘဝမှသည် နိဗ္ဗာန်သို့တိုင် ရောက်စေတတ်သည့် ကောင်းသောကုသိုလ် ခရီးလမ်းကြောင်းကိုသာ လျှောက်လှမ်းနိုင်ကြပါစေ။

၁၉။ **သမ္ပယုတ္တပစ္စယော** - သတ္တဝါအားလုံး မကောင်းသော စိတ်, စေတသိက် (နာမ်တရား)များ ယှဉ်တွဲ၍ မဖြစ်နိုင်ကြဘဲ ကောင်းသော စိတ်, စေတသိက် (နာမ်တရား) များသည်သာ ယှဉ်တွဲသောအားဖြင့် ဖြစ်နိုင်ကြပါစေ။

၂၀။ **ဝိပ္ပယုတ္တပစ္စယော** - သတ္တဝါအားလုံး မယှဉ်တွဲသောအားဖြင့်လည်း မကောင်းသော ရုပ်နာမ်တရားများ မဖြစ်နိုင်ကြဘဲ ကောင်းသောရုပ်နာမ်တရားများသည်သာ ဖြစ်နိုင်ကြပါစေ။

၂၁။ **အတ္ထိပစ္စယော** - သတ္တဝါအားလုံး မကောင်းသော ရုပ်နာမ်တရားများ ထင်ရှားရှိ၍ မဖြစ်နိုင်ကြဘဲ ကောင်းသော ရုပ်နာမ်တရားများသည်သာ ထင်ရှားရှိ၍ ဖြစ်နိုင်ကြပါစေ။

၂၂။ **နတ္ထိပစ္စယော** - သတ္တဝါအားလုံး ထင်ရှားမရှိ ချုပ်ငြိမ်းပြီးခြင်းအားဖြင့်လည်း မကောင်းသောနာမ်တရား မဖြစ်နိုင်ကြဘဲ ကောင်းသောနာမ်တရားများသည်သာ ဖြစ်နိုင်ကြပါစေ။

၂၃။ **ဝိဂတပစ္စယော** - သတ္တဝါအားလုံး ကင်းကွာသောအားဖြင့်လည်း မကောင်းသော နာမ်တရားများ မဖြစ်နိုင်ကြဘဲ ကောင်းသော နာမ်တရားများသည်သာ ဖြစ်နိုင်ကြပါစေ။

၂၄။ **အဝိဂတပစ္စယော** - သတ္တဝါအားလုံး မကင်းကွာသောအားဖြင့်လည်း မကောင်းသော ရုပ်နာမ်တရားများ မဖြစ်နိုင်ကြဘဲ ကောင်းသော ရုပ်နာမ်တရားများသည်သာ ဖြစ်နိုင်ကြပါစေ။

**ပဋ္ဌာန်း ၂၄-ပစ္စည်း (အကျဉ်း) မေတ္တာပွားနည်း ပြီး၏။**

~ ~ ~ ~ ~ ~ ~ ~ ~ ~

WWW.DHAMMARANSI.COM



# ပဋ္ဌာန်းတရားတော်ကြီးကို ရွတ်ဖတ်ပူဇော်ရခြင်းအကျိုး

ပဋ္ဌာန်း ပစ္စယုဒ္ဒေသနှင့် နိဒ္ဒေသပါဠိတော်တို့ကို သုံးသပ်ရွတ်ဖတ်ပူဇော်ခြင်းအားဖြင့် မျက်မှောက် ချက်ချင်း အခါမလင့် အောက်ပါကောင်းကျိုးများကို ရနိုင်ပေသည်။

(၁) ရင်ဆိုင်ကြုံတွေ့နေရသည့် ဘေးအန္တရာယ် အသွယ်သွယ်တို့ကို လွန်မြောက်နိုင်ခြင်း၊
(၂) ကျရောက်လတ္တံ့သော ဘေးအန္တရာယ်တို့မှ ကင်းလွတ်နိုင်ခြင်း၊
(၃) အပြစ်ကင်း၍ ကောင်းကျိုးပွားသည့် ဆောင်ရွက်ချက်ကိစ္စ အဝဝတို့ကို ပြီးစီးအောင်မြင်နိုင်ခြင်း၊
(၄) အပြစ်ရှိ၍ မကောင်းကျိုးဖြစ်စေမည့် ကျူးလွန်ခြင်းတို့မှ ရှောင်နိုင်, လွှဲနိုင်ခြင်း၊
(၅) အချုပ်အားဖြင့် ဆောင်ရွက်သမျှ ကောင်းမြတ်သည့် ကိစ္စခပ်သိမ်းတို့ကို ပြီးငြိမ်းအောင်မြင်နိုင်ခြင်း၊
(၆) အဆုံးစွန်သော ဘဝ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းစသည့် အကျိုးတရားများကို ရရှိနိုင်သည်။

"ကောင်းရာမြတ်နိုး-ကောင်းအောင်ကြိုးပမ်း" နေသူတို့အတွက် ကောင်းကျိုးများ ဖြိုးဝေအောင် တန်ခိုးရှိန် စော် အာနုဘော်တို့ တိုးစေသည့် ပဋ္ဌာန်းဒေသနာတော်ကြီးကို နေ့ညမပြတ် ရွတ်ဖတ်သရဇ္ဈာယ်ကြရပေမည်၊ သို့မှ သာလျှင် မိမိတို့သန္တာန်၌ ကိန်းအောင်းနေသော ဉာဏအား, ကာယအား အစွမ်းသတ္တိတို့ ပေါ်လွင်မည်၊ ထွန်း တောက်မည်၊ ထက်မြက်မည်၊ ပေါ်လွင်ထက်မြက်သည့် ဉာဏ်အား, ကိုယ်အား, စိတ်အားရှိသည့် အတိုင်းလည်း မျှော်မှန်းသည့် ကောင်းကျိုးဟူသမျှ အခါမလင့် မျက်မှောက်ချက်ချင်းပင် ဖြစ်ထွန်းကာ အောင်ပန်းဆွတ်ခူးနိုင်ကြ ရပေမည်။

သို့ဖြစ်၍ ဖြူစင်ကောင်းမြတ်သော စေတနာတို့ဖြင့် မိမိတို့မျှော်မှန်းသော ကောင်းမြတ်သည့် ကောင်းကျိုး ဟူသမျှကို မုချအောင်မြင်ရရှိနိုင်ကြစေရန် ရည်သန်လျက် ပဋ္ဌာန်း ပစ္စယုဒ္ဒေသ, ပစ္စယနိဒ္ဒေသ ပါဠိတော်များကို အနက်သဘောတိုင် ကြောင်းကျိုးဆက်စပ် သုံးသပ်ဆင်ခြင်၍ ဓမ္မပူဇာအဖြစ် အခါမလပ် ထက်ကြပ်မကွာ ပူဇော် နိုင်ကြပါစေသတည်း။

- ကြောင်းကျိုးဆက်ကာ၊ ရုပ်နာမ်သာ၊ ဖြစ်ကာပျက်၍ နေသတည်း။
- မဟာပဋ္ဌာန်း သင်ယူစမ်း၊ ရုပ်မှန်း, နာမ်မှန်း၊ ကွဲစေသတည်း။
- စာပဋ္ဌာန်းမှ ရွာပဋ္ဌာန်းသို့၊ ရွာပဋ္ဌာန်းမှ ငါပဋ္ဌာန်းသို့တိုင် ချီတက်တော်မူနိုင်ကြပါစေ။

~ ~ ~ ~ ~ ~ ~ ~ ~

# ပဋ္ဌာန်းပါဠိတော် ပစ္စယနိဒ္ဒေသဇယား
## အဂ္ဂမဟာပဏ္ဍိတ မူလပဋ္ဌာန်းဆရာတော်ဘုရားကြီး

(၁) "ပစ္စယောတိ" နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ "ပစ္စယေန ပစ္စယော"

| ပစ္စည်း | | ပစ္စည်းတရား | ပစ္စယုပ္ပန်တရား |
|---|---|---|---|
| (၁) ဟေတု | | ဟေတူ | ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ |
| (၂) အာရမ္မဏ | | ရူပါယတနံ | စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| | | သဒ္ဒါယတနံ / ဂန္ဓာ / ရသာ / ဖောဋ္ဌဗ္ဗာယတနံ | သောတ / ဃာန / ဇိဝှါ / ကာယဝိညာဏဓာတုယာ ။ |
| | | ရူပါယတနံ (ပ) ဖောဋ္ဌဗ္ဗာယတနံ | မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| | | သဗ္ဗေဓမ္မာ | မနောဝိညာဏဓာတုယာ ။ |
| | | ယံ ယံ ဓမ္မံ အာရဗ္ဘ | ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ × |
| | | တေ တေ ဓမ္မာ | တေသံ တေသံ ဓမ္မာနံ |
| (၃) အဓိပတိ | သဟဇာတ | ဆန္ဒာဓိပတိ | ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ |
| | | ဝီရိယာဓိပတိ | ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ |
| | | စိတ္တာဓိပတိ | စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ |
| | | ဝီမံသာဓိပတိ | ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ |
| | အာရမ္မဏ | ယံ ယံ ဓမ္မံ ဂရုံ ကတွာ | ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ × |
| | | တေ တေ ဓမ္မာ | တေသံ တေသံ ဓမ္မာနံ |

**ပူဇော်နည်း** (၁) ယခုဖြန့်ထားသည့်အတိုင်း (အရောင်တူစာမျက်နှာ) ပူဇော်ရန်၊

(၂) ဘယ်ဘက်အစွန်ဆုံး ကို စတင်ပူဇော်ပါ၊ "ပစ္စယောတိ" ဟု အဆုံး၌ ပူဇော်ရန်၊

**ပုံစံ** - 'ဟေတု' ကို 'ဟေတုပစ္စယောတိ' ဟု ပူဇော်ပါ။

(၃) ညာဘက်အစွန်ဆုံးကို ပူဇော်လျှင်-"ပစ္စယေန ပစ္စယော" ဟု အဆုံး၌ ပူဇော်ရန်၊

**ပုံစံ** - 'ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ' ၏ အဆုံးတွင် 'ဟေတုပစ္စယေန ပစ္စယော' ဟု ပူဇော်ပါ။

(၄) " × " ပြထားလျှင် ဒုတိယဝါကျ ဆက်ပူဇော်ရန်။

WWW.DHAMMARANSI.COM

# ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်၏
# မြန်မာပြန်လိုရင်းအဓိပ္ပာယ်

(၁) "ပစ္စယောတိ" နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ "ပစ္စယေန ပစ္စယော"

| ပစ္စည်း | | ပစ္စည်းတရား | ပစ္စယုပ္ပန်တရား |
|---|---|---|---|
| (၁) ဟေတု | | ဟိတ် ၆-ပါး ပစ္စည်းတရားတို့သည် | ဟိတ်နှင့်ယှဉ်သော စိတ်, စေတသိက်တရားတို့နှင့် ထိုဟိတ်ကြောင့်ဖြစ်သောရုပ်တို့အား |
| (၂) အာရမ္မဏ | | အဆင်းရူပါရုံသည် | မြင်သိစိတ်စက္ခုဝိညာဏဓာတ်နှင့် ယှဉ်ဖက်စေတသိက်တို့အား |
| | | အသံသဒ္ဒါရုံ / အနံ့ဂန္ဓာရုံ / အရသာရသာရုံ / အတွေ့အထိဖောဋ္ဌဗ္ဗာရုံ | ကြားသိစိတ် / နံသိစိတ် / အရသာသိစိတ် / ထိသိစိတ်ကာယဝိညာဏဓာတ် . . . |
| | | အဆင်းရူပါရုံ (ပ) အတွေ့အထိဖောဋ္ဌဗ္ဗာရုံတို့သည် | မနောဓာတ်နှင့် ယှဉ်ဖက်စေတသိက်တို့အား |
| | | အလုံးစုံသော အာရုံ ၆-ပါး အကြောင်းတရားတို့သည် | မနောဝိညာဏဓာတ်နှင့် ယှဉ်ဖက်စေတသိက်တို့အား |
| | | အကြင် အကြင် အာရုံ ၆-ပါး ပစ္စည်းတရားတို့ကို အာရုံပြု၍ | အကြင် အကြင် စိတ်, စေတသိက် ပစ္စယုပ္ပန်တရားတို့သည် ဖြစ်ကြကုန်၏။ |
| | | ထို ထို အာရုံ ၆-ပါး ပစ္စည်းတရားတို့သည် | ထို ထို စိတ်, စေတသိက် ပစ္စယုပ္ပန်တရားတို့အား |
| (၃) အဓိပတိ | သဟဇာတ | အကြီးအမှူးဆန္ဒသည် | ဆန္ဒနှင့်ယှဉ်သော စိတ်, စေတသိက်တရားတို့နှင့် ဆန္ဒကြောင့်ဖြစ်သောရုပ်တို့အား |
| | | အကြီးအမှူးဝီရိယသည် | ဝီရိယနှင့်ယှဉ်သော စိတ်, စေတသိက်တရားတို့နှင့် ဝီရိယကြောင့်ဖြစ်သောရုပ်တို့အား |
| | | အကြီးအမှူးစိတ်သည် | စိတ်နှင့်ယှဉ်သော စေတသိက်တရားတို့နှင့် စိတ်ကြောင့်ဖြစ်သောရုပ်တို့အား |
| | | အကြီးအမှူးဝီမံသ(ပညာ)သည် | ပညာနှင့်ယှဉ်သော စိတ်, စေတသိက်တရားတို့နှင့် ပညာကြောင့်ဖြစ်သောရုပ်တို့အား |
| | အာရမ္မဏ | အကြင် အကြင် အာရုံ ၆-ပါး ပစ္စည်းတရားတို့ကို အလေးအမြတ်ပြု၍ | အကြင် အကြင် စိတ်, စေတသိက် ပစ္စယုပ္ပန်တရားတို့သည် ဖြစ်ကြကုန်၏။ |
| | | ထို ထို အာရုံ ၆-ပါး ပစ္စည်းတရားတို့သည် | ထို ထို စိတ်, စေတသိက် ပစ္စယုပ္ပန်တရားတို့အား |

ဤဇယားငယ်ပါ အဓိပ္ပာယ်သည် လိုရင်းအဓိပ္ပာယ်မျှသာ ဖြစ်ပါသည်။ မူရင်းပါဠိတော်၌ . . .

(၁) **ပုံစံ** - 'ဟေတုပစ္စယောတိ' ဟူသည် 'ဟေတုပစ္စည်းဟူသည်ကား' ဟု အဓိပ္ပာယ်ရပါသည်။

(၂) **ပုံစံ** - 'ဟေတုပစ္စယေနပစ္စယော' ဟူသည် 'ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်' ဟု အဓိပ္ပာယ်ရပါသည်။

(၃) ပစ္စည်းတရား (အကြောင်းတရား) နှင့် ပစ္စယုပ္ပန်တရား (အကျိုးတရား) တို့၏ အဓိပ္ပာယ်ကို ဇယား၌ ဖော်ပြထားပါသည်။

WWW.DHAMMARANSI.COM



(၂)

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | | | စက္ခုဝိညာဏဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ } | မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ } |
| | | | | | | မနောဓာတု တံ သမ္ပယုတ္တကာ စ ဓမ္မာ } | မနောဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ } * |
| | | | | | | သောတဝိညာဏ (ပ) ကာယဝိညာဏ. . | မနောဓာတုယာ --- ‖ --- (ပ) --- ‖ --- * |
| (၄) အနန္တရ | | | | | | ပုရိမာ ပုရိမာ - ကုသလာ ဓမ္မာ ၂ | ပစ္ဆိမာနံ ပစ္ဆိမာနံ - ကုသလာနံ ဓမ္မာနံ - အဗျာကတာနံ ဓမ္မာနံ |
| | | | | | | ပုရိမာ ပုရိမာ - အကုသလာ ဓမ္မာ ၂ | ပစ္ဆိမာနံ ပစ္ဆိမာနံ - အကုသလာနံ ဓမ္မာနံ - အဗျာကတာနံ ဓမ္မာနံ |
| (၅) သမနန္တရ | | | | | | ပုရိမာ ပုရိမာ - အဗျာကတာ ဓမ္မာ ၃ | ပစ္ဆိမာနံ ပစ္ဆိမာနံ - အဗျာကတာနံ ဓမ္မာနံ - ကုသလာနံ - အကုသလာနံ |
| | | | | | | ယေသံ ယေသံ ဓမ္မာနံ အနန္တရာ (သမနန္တရာ) | ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ × |
| (၆) | (၇) | (၈) | (၁၉) | (၂၁) | (၂၄) | တေ တေ ဓမ္မာ | တေသံ တေသံ ဓမ္မာနံ |
| သ | ဉ | နိ | သံ | အတိ | အဓိ | စတ္တာရော ခန္ဓာ အရူပိနော | အညမည် |
| ‖ | ‖ | ‖ | | ‖ | ‖ | စတ္တာရော မဟာဘူတာ / ဩက္ကန္တိက္ခဏေ နာမရူပံ | အညမည် ၂ |
| ‖ | | ‖ | | ‖ | ‖ | စိတ္တစေတသိကာ ဓမ္မာ / မဟာဘူတာ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ / ဥပါဒါရူပါနံ |
| ‖ | | | (၁၀) | | | ရူပိနော ဓမ္မာ | အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတ၊ ကိဉ္စိကာလေ န သဟဇာတ |
| | | ‖ | ပု | ‖ | ‖ | စက္ခာယတနံ (ပ) ကာယာယတနံ | စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ (ပ) ကာယဝိညာဏ |
| | | | ‖ | ‖ | ‖ | ရူပါယတနံ (ပ) ဖောဋ္ဌဗ္ဗာယတနံ | ‖ (ပ) ‖ |
| | | | ‖ | ‖ | ‖ | ရူပါယတနံ (ပ) ဖောဋ္ဌဗ္ဗာယတနံ | မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| | | ‖ | ‖ | ‖ | ‖ | ယံ ရူပံ နိဿာယ | မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ × |
| | | ‖ | | ‖ | ‖ | တံ ရူပံ | မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| | | | ‖ | | | တံ ရူပံ | မနောဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| | | | | | | | မနောဝိညာဏဓာတုယာ ‖ ကိဉ္စိကာလေ ပုရေ၊ ကိဉ္စိကာလေ န ပုရေ |

## ၂

| | မြင်သိစိတ်နှင့် ယှဉ်ဖက်စေတသိက်တို့သည် } | (သမ္ပဋိစ္ဆိုင်း) မနောဓာတ်နှင့် ယှဉ်ဖက်စေတသိက်တို့အား } ✱ |
|---|---|---|
| **(၄) အနန္တရ** (အခြားမဲ့) | မနောဓာတ်နှင့် ယှဉ်ဖက်စေတသိက်တို့သည် } | (သန္တီရဏ) မနောဝိညာဏဓာတ်နှင့် ယှဉ်ဖက်စေတသိက်တို့အား } |
| | ကြားသိစိတ် (ပ) ထိသိစိတ် . . . | (သမ္ပဋိစ္ဆိုင်း) မနောဓာတ် . . . (ပ) မနောဝိညာဏဓာတ် . . . တို့အား ✱ |
| **(၅) သမနန္တရ** (ကောင်းစွာအခြားမဲ့) | ရှေးရှေး၌ ဖြစ်ကုန်သော ကုသိုလ်တရားတို့သည် | နောက်နောက်၌ဖြစ်ကုန်သော ကုသိုလ်တရားတို့အား / - အဗျာကတတရားတို့အား |
| | ရှေးရှေး၌ ဖြစ်ကုန်သော အကုသိုလ်တရားတို့သည် | နောက်နောက်၌ဖြစ်ကုန်သော အကုသိုလ်တရားတို့အား / - အဗျာကတတရားတို့အား |
| | ရှေးရှေး၌ ဖြစ်ကုန်သော အဗျာကတတရားတို့သည် | နောက်နောက်၌ဖြစ်ကုန်သော အဗျာကတတရားတို့အား / - ကုအား / - အကုအား |
| | အကြင် အကြင် စိတ်,စေတသိက်တရားတို့၏အခြားမဲ့၌ | အကြင် အကြင် စိတ်, စေတသိက်တရားတို့သည် ဖြစ်ကုန်၏။ |
| (၆) (၇) (၈) (၁၉) (၂၁) (၂၄) | ထိုထို(ရှေးရှေး၌ဖြစ်သော)စိတ်,စေတသိက်တရားတို့သည် | ထိုထို (နောက်နောက်၌ဖြစ်သော) စိတ်, စေတသိက်တရားတို့အား |

| သ | ည | နိ | သံ | အတ် | အဝိ | | |
|---|---|---|---|---|---|---|---|
| | | | | | | နာမ်ခန္ဓာ ၄-ပါးတို့သည် | အချင်းချင်းအား |
| ။ | ။ | ။ | | ။ | ။ | မဟာဘုတ်၄-ပါးတို့သည် / ပဋိသန္ဓေခဏ၌နာမ်ရုပ်တို့သည် | အချင်းချင်းအား |
| ။ | | ။ | | ။ | ။ | စိတ်,စေတရားတို့သည် / မဟာဘုတ်တို့သည် | စိတ်ကြောင့်ဖြစ်သောရုပ်တို့အား / ဥပါဒါရုပ်တို့အား |
| ။ | | | (၁၀) | | | ဟဒယဝတ္ထုရုပ်သည် | ✓ နာမ်အား အချို့သောကာလ၌ ကျေးဇူးပြု၏, အချို့သောကာလ၌ ကျေးဇူးမပြု။ |
| | | ။ | ပု | ။ | ။ | မျက်စိအကြည်ရုပ်သည် (ပ) ကိုယ်အကြည် . . . | မြင်သိစိတ်စက္ခုဝိညာဏဓာတ်နှင့်ယှဉ်ဖက်စေတသိက်တို့အား (ပ) ထိသိစိတ် . . . |
| | | | ။ | ။ | ။ | အဆင်းရူပါရုံသည် (ပ) အထိအတွေ့ . . . | ။ (ပ) ။ |
| | | | ။ | ။ | ။ | အဆင်းရူပါရုံ (ပ) အတွေ့အထိတို့သည် | မနောဓာတ်နှင့် ယှဉ်ဖက်စေတသိက်တို့အား |
| | | ။ | ။ | ။ | ။ | အကြင် ဟဒယဝတ္ထုရုပ်ကို အမှီပြု၍ | မနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့သည် ဖြစ်ကုန်၏။ |
| | | ။ | | ။ | ။ | ထို ဟဒယဝတ္ထုရုပ်သည် | ထို မနောဓာတ်, မနောဝိညာဏဓာတ်နှင့် ယှဉ်ဖက်စေတသိက်တို့အား |
| | | | ။ | | | ထို ဟဒယဝတ္ထုရုပ်သည် | မနောဓာတ်နှင့် ယှဉ်ဖက်စေတသိက်တို့အား |
| | | | | | | | မနောဝိညာဏဓာတ်နှင့်ယှဉ်ဖက်စေတို့အားပဝတ္တိကာလ၌ကျေးဇူးပြု၏၊ပဋိကာလ၌ကျေးဇူးမပြု။ |

**မှတ်ချက်** - ✓ အချို့သောကာလ၌ ကျေးဇူးပြု၏, အချို့သောကာလ၌ ကျေးဇူးမပြု ဟူသည် ပဋိသန္ဓေကာလ၌ ကျေးဇူးပြု၏, ပဝတ္တိကာလ၌ ကျေးဇူးမပြုဟုဆိုလိုသည်။



WWW.DHAMMARANSI.COM

၇

<table>
<tr><td colspan="2" rowspan="4">(၉) ဥပနိဿယ</td><td colspan="5">ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ၃</td><td colspan="2">ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ</td><td>အကု ကေသဉ္စိ</td><td>အဗျာကတာနံ ဓမ္မာနံ</td></tr>
<tr><td colspan="5">ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ၃</td><td colspan="2">ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ</td><td>ကု ကေသဉ္စိ</td><td>အဗျာကတာနံ ဓမ္မာနံ</td></tr>
<tr><td colspan="5">ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ၃</td><td colspan="2">ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ</td><td>ကုသလာနံ</td><td>အကုသလာနံ ဓမ္မာနံ</td></tr>
<tr><td colspan="2">ဥတုဘောဇနမ္ပိ</td><td>ပုဂ္ဂလောပိ</td><td colspan="2">သေနာသနမ္ပိ</td><td colspan="4"></td></tr>
<tr><td colspan="2">(၁၁) ပစ္ဆာဇာတ</td><td colspan="5">ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ</td><td colspan="4">ပုရေဇာတဿ ဣမဿ ကာယဿ</td></tr>
<tr><td colspan="2">(၁၂) အာသေဝန</td><td colspan="2">ပုရိမာ ပုရိမာ ကု. . .</td><td>အကု. . .</td><td colspan="2">ကြိယာဗျာကတာ ဓမ္မာ</td><td>ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ</td><td>အကုသလာနံ</td><td colspan="2">ကြိယာဗျာကတာနံ ဓမ္မာနံ</td></tr>
<tr><td>(၁၃)</td><td>နာနာ</td><td colspan="5">ကုသလာကုသလံ ကမ္မံ</td><td colspan="4">ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ</td></tr>
<tr><td>ကမ္မ</td><td>သဟ</td><td colspan="5">စေတနာ</td><td colspan="4">သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ</td></tr>
<tr><td colspan="2">(၁၄) ဝိပါက</td><td colspan="5">ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော</td><td colspan="4">အညမညံ</td></tr>
<tr><td colspan="2">(၁၅) အာဟာရ</td><td colspan="3">ကဗဠီကာရော အာဟာရော</td><td colspan="2">အရူပိနော အာဟာရာ</td><td>ဣမဿ ကာယဿ</td><td colspan="3">သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ</td></tr>
<tr><td rowspan="3">(၁၆) ဣန္ဒြိယ</td><td>ပုတိံ</td><td>စက္ခုန္ဒြိယံ</td><td>သောတိန္ဒြိယံ</td><td>ဃာနိန္ဒြိယံ</td><td>ဇိဝှိန္ဒြိယံ</td><td>ကာယိန္ဒြိယံ</td><td colspan="2">စက္ခုဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ</td><td>(ပ)</td><td>ကာယ</td></tr>
<tr><td>ရူပတိံ</td><td colspan="5">ရူပဇီဝိတိန္ဒြိယံ</td><td colspan="4">ကဋတ္တာ ရူပါနံ</td></tr>
<tr><td>သဟတိံ</td><td colspan="5">အရူပိနော ဣန္ဒြိယာ</td><td colspan="4">သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ</td></tr>
<tr><td colspan="2">(၁၇) ဈာန</td><td colspan="5">ဈာနင်္ဂါနိ</td><td colspan="4">ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ</td></tr>
<tr><td colspan="2">(၁၈) မဂ္ဂ</td><td colspan="5">မဂ္ဂင်္ဂါနိ</td><td colspan="4">မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ</td></tr>
<tr><td colspan="2">(၂၀) ဝိပ္ပယုတ္တ</td><td colspan="3">ရူပိနော ဓမ္မာ</td><td colspan="2">အရူပိနော ဓမ္မာ</td><td colspan="2">အရူပီနံ ဓမ္မာနံ</td><td colspan="2">ရူပီနံ ဓမ္မာနံ</td></tr>
<tr><td colspan="2">(၂၂) နတ္ထိ</td><td colspan="5">သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ</td><td colspan="4">ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ</td></tr>
<tr><td colspan="2">(၂၃) ဝိဂတ</td><td colspan="5">သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ</td><td colspan="4">။</td></tr>
</table>

WWW.DHAMMARANSI.COM

WWW.DHAMMARANSI.COM



(၇)

| | | |
|---|---|---|
| (၉) ဥပနိဿယ | ရှေးရှေး၌ ဖြစ်ကုန်သော ကုသိုလ်တရားတို့သည် | နောက်နောက်၌ဖြစ်ကုန်သော -ကုအား \| -အကုအား(အချို့) \| -အဗျာကတ တရားတို့အား |
| | ရှေးရှေး၌ ဖြစ်ကုန်သော အကုသိုလ်တရားတို့သည် | ॥ -အကုအား \| -ကုအား(အချို့) \| -အဗျာကတ တရားတို့အား |
| | ရှေးရှေး၌ ဖြစ်ကုန်သော အဗျာကတတရားတို့သည် | ॥ -အဗျာကတအား \| -ကုအား \| -အကု တရားတို့အား |
| | ဥတုဘောဇဉ်သည် \| ပုဂ္ဂိုလ်သည် \| အိပ်ကျောင်းအိပ်ရာနေရာသည် | |
| (၁၁) ပစ္ဆာဇာတ | နောက်နောက်၌ဖြစ်ကုန်သော စိတ်, စေတသိက်တရားတို့သည် | ရှေးရှေး၌ဖြစ်ကုန်သော ရုပ်တို့အား |
| (၁၂) အာသေဝန | ရှေးရှေး၌ဖြစ်ကုန်သော ကုသည် \| အကုသည် \| ကြိယာဗျာကတတို့သည် | နောက်နောက်၌ဖြစ်သော ကုအား \| အကုအား \| ကြိယာဗျာကတတို့အား |
| (၁၃) ကမ္မ — နာနာ | ကုသိုလ်, အကုသိုလ်ဖြစ်သော စေတနာကံသည် | အကျိုးဝိပါက်ဖြစ်သော နာမ်ခန္ဓာနှင့် ကမ္မဇရုပ်တို့အား |
| ကမ္မ — သဟ | စေတနာသည် | ယှဉ်ဖက်ဖြစ်သော စိတ်, စေတသိက်နှင့် စေတနာကြောင့်ဖြစ်သောရုပ်တို့အား |
| (၁၄) ဝိပါက | အကျိုးဝိပါက်ဖြစ်သော နာမ်ခန္ဓာ ၄-ပါးသည် | အချင်းချင်းအား |
| (၁၅) အာဟာရ | အလုပ်အလွေးပြုအပ်သော အာဟာရသည် \| နာမ်အာဟာရတို့သည် | ဤရုပ်ကိုယ်အား \| ယှဉ်ဖက်ဖြစ်သောစိတ်,စေနှင့် နာမ်အာဟာရကြောင့်ဖြစ်သောရုပ်တို့အား |
| (၁၆) ဣန္ဒြိယ — ပုရေ | မျက်စိအကြည် \| နားအကြည် \| နှာအကြည် \| လျှာအကြည် \| ကိုယ်အကြည် | မြင်သိစိတ်စက္ခုဝိညာဏဓာတ်နှင့် ယှဉ်ဖက်စေတသိက်တို့အား \| (ပ) \| ကြားသိစိတ် . . . |
| ဣန္ဒြိယ — ရူပဇီ | ဇီဝိတရုပ်သည် | ကမ္မဇရုပ်တို့အား |
| ဣန္ဒြိယ — သဟဇာ | နာမ်ဣန္ဒြေတို့သည် | ယှဉ်ဖက် စိတ်, စေတသိက်တရားတို့နှင့် ဣန္ဒြေကြောင့်ဖြစ်ကုန်သောရုပ်တို့အား |
| (၁၇) ဈာန | ဈာနင်တို့သည် | ယှဉ်ဖက် စိတ်, စေတသိက်တရားတို့နှင့် ဈာန်ကြောင့်ဖြစ်ကုန်သောရုပ်တို့အား |
| (၁၈) မဂ္ဂ | မဂ္ဂင်တို့သည် | ယှဉ်ဖက် စိတ်, စေတသိက်တရားတို့နှင့် မဂ္ဂင်ကြောင့်ဖြစ်ကုန်သောရုပ်တို့အား |
| (၂၀) ဝိပ္ပယုတ္တ | ရုပ်တရားတို့သည် \| နာမ်တရားတို့သည် | နာမ်တရားတို့အား \| ရုပ်တရားတို့အား |
| (၂၂) နတ္ထိ | ကောင်းစွာအခြားမဲ့ ချုပ်ကုန်ပြီးသော စိတ်, စေ တရားတို့သည် | မိမိနောက်၌ဖြစ်ကုန်သော စိတ်, စေတသိက်တရားတို့အား |
| (၂၃) ဝိဂတ | ကောင်းစွာအခြားမဲ့ ကင်းကုန်ပြီးသော စိတ်, စေ တရားတို့သည် | မိမိနောက်၌ဖြစ်ကုန်သော စိတ်, စေတသိက်တရားတို့အား |

WWW.DHAMMARANSI.COM



## ပဋ္ဌာန်းပစ္စယနိဒ္ဒေသ အရကောက် - ခြောက်ရာသီဝေဖန်ခန်း

| ပစ္စည်း (သတ္တိ) | အကြောင်းတရား | အကျိုးတရား |
|---|---|---|

### ၁။ နာမ်သည် နာမ်အား ၆–ပစ္စည်း

| | | |
|---|---|---|
| ၁။ အနန္တရ ၃။ နတ္ထိ<br>၂။ သမနန္တရ ၄။ ဝိဂတ | ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော ရှေးရှေး စိတ်-၈၉, စေ-၅၂ | ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နောက်နောက် စိတ်-၈၉, စေ-၅၂ |
| ၅။ အာသေဝန | ဖာတ်တူအဆုံးဇောကြဉ်သော ရှေးရှေးလောကီဇော-၄၇, စေ-၅၂ | ပထမဇော, ဖိုလ်ဇော ၄-ပါး ကြဉ်သော နောက်နောက်ဇော-၅၁, စေ-၅၂ |
| ၆။ သမ္ပယုတ္တ | အချင်းချင်းအားတပ်သော ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး ဟု ဆိုအပ်သော စိတ်-၈၉, စေ-၅၂ | အချင်းချင်းမှ ထောက်အပ်သော စိတ်-၈၉, စေ-၅၂ |

### ၂။ နာမ်သည် နာမ်ရုပ်အား ၅–ပစ္စည်း

| | | |
|---|---|---|
| ၁။ ဟေတု | ဟိတ် ၆-ပါး | သဟိတ်စိတ်-၇၁, မောဟမူဒွေး၌ မောဟကြဉ်သော စေ-၅၂, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် |
| ၂။ ဈာန | ဝိ, ဝိ, ပီ, ဝေ, ဧ ဟူသော ဈာနင် တရားကိုယ် ၅-ပါး | ဒွေး ၁၀ကြဉ် စိတ်-၇၉, စေ-၅၂, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် |
| ၃။ မဂ္ဂ | ပညာ, ဝိ, ဝိ-၃, ဝီ, သတိ, ဧ, ဒိဋ္ဌိ ဟူသော မဂ္ဂင်တရားကိုယ် ၉-ပါး | သဟိတ်စိတ်-၇၁, စေ-၅၂ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် |
| ၄။ ကမ္မ<br>(၁) နာနာက္ခဏိကကမ္မ | အတိတ်ဖြစ်သော ကု, အကု စေတနာ-၃၃ | ဝိပါက်စိတ်-၃၆, စေ-၃၈ အလုံးစုံသော ကမ္မဇရုပ်များ |
| (၂) သဟဇာတကမ္မ | စိတ်-၈၉ ရှိအလုံးစုံသော စေတနာ | စိတ်-၈၉, စေတနာကြဉ်သော စေ ၅၁-ပါး, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် |
| ၅။ ဝိပါက | ဝိပါက်စိတ်-၃၆, ယှဉ်ဖက်စေ-၃၈ | အချင်းချင်းမှတပ်သော ဝိပါက်စိတ်၃၆, စေ၃၈, ဝိညတ်ဒွေးကြဉ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် |

### ၃။ နာမ်သည် ရုပ်အား ၁–ပစ္စည်း

| | | |
|---|---|---|
| ပစ္ဆာဇာတ | ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်, ဖြစ်နေ အရူပဝိပါက် ၄-ကြဉ်သော ပထမ ဘဝင်အစရှိသော နောက်နောက် သော စိတ်-၈၅, စေ-၅၂ | ပဋိသန္ဓေအစရှိသော ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယ ဟု ခေါ်သော စတုသမုဋ္ဌာနိက ရုပ်အပေါင်း |

### ၄။ ရုပ်သည် နာမ်အား ၁–ပစ္စည်း

| | | |
|---|---|---|
| (၁) (က) ဝတ္ထုပုရေဇာတ (ဝတ္ထုပုရေဇာတနိဿယနှင့် တူ၏)<br>(ခ) ဝတ္ထာရမ္မဏပုရေဇာတ (ဝတ္ထာရမ္မဏပုရေဇာတနိဿယနှင့် တူ၏) | | |
| (၂) အာရမ္မဏပုရေဇာတ | ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် ၁၈-ပါး | ပဉ္စဝေါကာရဘုံ၌ အာရမ္မဏပုရေဇာတပစ္စည်း ကို ရခိုက်, ရနေဖြစ်သော ကာမစိတ်-၅၄, ဘိဒွေး, အပ္ပမညာကြဉ်သော စေတသိက်-၅၀ |

WWW.DHAMMARANSI.COM



### ၅။ ပညတ်, နာမ်, ရုပ်သည် နာမ်အား ၂-ပစ္စည်း

| | | |
|---|---|---|
| ၁။ အာရမ္မဏ | အလုံးစုံသော စိတ်-၈၉, စေ-၅၂, ရုပ်-၂၈, နိဗ္ဗာန်, ပညတ်၊ | စိတ်-၈၉, စေ-၅၂ |
| ၂။ ဥပနိဿယ<br>(၁) အာရမ္မဏူပနိဿယ<br>(၂) အနန္တရူပနိဿယ | အာရမ္မဏာဓိပတိပစ္စည်းနှင့် တူ၏<br>အနန္တရပစ္စည်းနှင့် တူ၏၊ | |
| (၃) ပကတူပနိဿယ | ကာလ ၃-ပါး၌ ဗလဝဖြစ်သော ရှေးရှေးစိတ်-၈၉, စေ-၅၂, ရုပ်-၂၈, ပစ္စည်းထိုက်သောအချို့သောပညတ်၊ | နောက်နောက်သော စိတ်-၈၉, စေ-၅၂ |

### ၆။ နာမ်ရုပ်သည် နာမ်ရုပ်အား ၉-ပစ္စည်း

| | | |
|---|---|---|
| ၁။ အဓိပတိ<br>(၁) သဟဇာတာဓိပတိ | အဓိပတိပစ္စည်း တပ်ခိုက်, တပ်နေ သာဓိပတိဇော ၅၂-ပါးရှိ ဆန္ဒ, ဝီရိယ, ဝီမံသနှင့် သာဓိပတိဇော ၅၂ | အဓိပတိပစ္စည်း တပ်ခိုက်, တပ်နေ အဓိပတိ တရားကိုယ်ကြဉ်သော သာဓိပတိဇော ၅၂, ဝိစိကိစ္ဆာကြဉ် စေ ၅၁, သာဓိပတိစိတ္တဇရုပ်၊ |
| (၂) အာရမ္မဏာဓိပတိ | အလေးအမြတ်ပြုအပ်သော, ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈-ပါး, (ဒေါသမူဒွေး, မောဟမူဒွေး, ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ်) စိတ်-၈၄၊ (ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်) စေ-၄၇, နိဗ္ဗာန် | အလေးအမြတ်ပြုတတ်သော လောဘမူစိတ်-၈, မဟာကု-၈, မဟာကြိ ဉာသံ-၄, လောကုတ္တရာ ၈ - ပေါင်း စိတ် ၂၈-ပါး၊ (ဒေါစတုက်-၄, ဝိစိကိစ္ဆာ, အပ္ပမညာဒွေးကြဉ်) စေ ၄၅-ပါး၊ |
| ၂။ သဟဇာတ (က) | အလုံးစုံသော စိတ်-၈၉, စေ-၅၂ တို့သည် | အချင်းချင်းအားရင်း၊ တကွဖြစ်သောစိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း၊ |
| (ခ) | မဟာဘုတ်ရုပ် ၄-ပါးတို့သည် | အချင်းချင်းအားရင်း၊<br>ဥပါဒါရုပ် ၂၄-ပါးတို့အားရင်း၊ |
| (ဂ) | ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုရုပ်နှင့် ပဉ္စဝေါကာရ ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာ ၄-ပါး တို့သည် | အချင်းချင်းအား -<br><br>သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။ |
| ၃။ အညမည (က) | | |
| (ခ) | | အချင်းချင်းအပြန်အလှန် ကျေးဇူးပြုကြ၏။ |
| (ဂ) | | |
| ၄။ နိဿယ<br>(၁) သဟဇာတနိဿယ | သဟဇာတပစ္စည်းနှင့် တူ၏။ | |
| (၂) ပုရေဇာတနိဿယ<br>(က) ဝတ္ထုပုရေ-နိဿယ | ပဝတ္တိအခါ ဝတ္ထုရုပ် ၆-ပါး | ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အရူပဝိပါက် ၄-ကြဉ် စိတ်-၈၅, စေ-၅၂ |
| (ခ) ဝတ္ထာရမ္မဏပုရေ-နိ | မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ ရေသော် ၁၇-ချက်မြောက်သောစိတ် နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု | မရဏာသန္နအခါ မနောဒွါရာဝဇ္ဇန်း-၁, ကာမဇော-၂၉, ရုံ-၁၁, ဘိဒွေး - ပေါင်း စိတ် ၄၃-ပါး၊ (ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ၃, အပ္ပမညာဒွေး ကြဉ်) စေ ၄၄-ပါး |

WWW.DHAMMARANSI.COM



| | | |
|---|---|---|
| **၅။ အာဟာရ**<br>**(၁) ရုပ်အာဟာရ** | အဇ္ဈတ္တသန္တာန်၌ ရှိသော<br>စတုသမုဋ္ဌာနိက ဩဇာနှင့်<br>ဗဟိဒ္ဓသန္တာန်၌ ရှိသော ဥတုဇဩဇာ | ကလာပ်တူဩဇာကြဉ်သော<br>ကလာပ်တူ, ကလာပ်ပြားဖြစ်သော<br>စတုသမုဋ္ဌာနိကရုပ်များ |
| **(၂) နာမ်အာဟာရ** | ဖဿ, စေတနာ, ဝိညာဏ်ဟူသော<br>နာမ်အာဟာရတရားကိုယ် ၃-ပါး | တကွဖြစ်ဖက် စိတ်-၈၉, စေ-၅၂,<br>စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် |
| **၆။ ဣန္ဒြိယ**<br>**(၁) ပုရေဇာတိန္ဒြိယ** | မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်<br>နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထု | ဒွေးပဉ္စဝိညာဏ်-၁၀, ယှဉ်စေ ၇-ပါး |
| **(၂) ရူပဇီဝိတိန္ဒြိယ** | ရုပ်ဇီဝိတ | ရုပ်ဇီဝိတကြဉ်သော<br>ကလာပ်တူ ကမ္မဇရုပ် ၉-ပါး |
| **(၃) သဟဇာတိန္ဒြိယ** | စိတ်, ဇီဝိတ, ဝေဒနာ, သဒ္ဓါ, ဝီရိယ,<br>သတိ, ဧကဂ္ဂတာ, ပညာ ဟူသော<br>နာမ်ဣန္ဒြေတရားကိုယ် ၈-ပါး | တကွဖြစ်ဖက် စိတ်-၈၉, စေ-၅၂,<br>စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် |
| **၇။ ဝိပ္ပယုတ္တ**<br>**(၁) သဟဇာတဝိပ် (က)** | ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်<br>အရူပဝိပါက်-၄, ဒွေ-၁၀,<br>ရဟန္တာတို့၏ စုတိကြဉ်သော<br>စိတ်-၇၅, စေ-၅၂ ဟု ဆိုအပ်သော<br>ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး<br>သည် | တကွဖြစ်သော<br>စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် |
| **(ခ)** | ပဉ္စဝေါကာရပဋိသန္ဓေနှင့်<br>ဟဒယဝတ္ထုရုပ်တို့သည် | အချင်းချင်းအား ကျေးဇူးပြုကြ၏။ |
| **(၂) ပုရေဇာတဝိပ်**<br>**(က) ဝတ္ထုပု-ဝိပ်**<br>**(ခ) ဝတ္ထာရမ္မဏပု-ဝိပ်** | ဝတ္ထုပုရေဇာတနှင့် တူ၏၊<br>ဝတ္ထာရမ္မဏပုနှင့် တူ၏၊ | |
| **(၃) ပစ္ဆာဇာတဝိပ်** | ပစ္ဆာဇာတပစ္စည်းနှင့် တူ၏၊ | |

**၈။ အတ္ထိပစ္စည်း**

**(၁) သဟဇာတတ္ထိ** = သဟဇာတပစ္စည်းနှင့် တူ၏၊
**(၂) ပုရေဇာတတ္ထိ** = ပုရေဇာတပစ္စည်းနှင့် တူ၏၊
**(က) ဝတ္ထုပုရေဇာတတ္ထိ**
**(ခ) ဝတ္ထာရမ္မဏပုရေဇာတတ္ထိ**
**(ဂ) အာရမ္မဏပုရေဇာတတ္ထိ**
**(၃) ပစ္ဆာဇာတတ္ထိ** = ပစ္ဆာဇာတပစ္စည်းနှင့် တူ၏၊
**(၄) အာဟာရတ္ထိ** = ရုပ်အာဟာရပစ္စည်းနှင့် တူ၏၊
**(၅) ဣန္ဒြိယတ္ထိ** = ရူပဇီဝိတိန္ဒြိယပစ္စည်းနှင့် တူ၏၊

**၉။ အဝိဂတပစ္စည်း** = အတ္ထိပစ္စည်းနှင့် အလုံးစုံတူ၏။

**မှတ်ချက် ။ ။ အဘိဓမ္မာ, ဋီကာကျော်, ဝိသုဒ္ဓိမဂ် ပဋ္ဌာန်းပိုင်းဆိုင်ရာကို လေ့လာသင်ယူကြသူများသည် ပစ္စယနိဒ္ဒေသပါဠိတော်, မြန်မာပြန်နှင့် တကွ အရကောက်ကို အခြေခံအားဖြင့် သိထားရပါမည်။**

WWW.DHAMMARANSI.COM



# ပဋ္ဌာန်း ပစ္စယနိဒ္ဒေသပါဠိတော် နိဿယ

၁။ **ဟေတုပစ္စည်း**

**ဟေတုပစ္စယောတိ** = ဟေတုပစ္စည်းဟူသည်ကား -
**ဟေတူ** = လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ တည်းဟူသော ဟိတ် ၆-ပါး ပစ္စည်းတရားတို့သည်၊
**ဟေတု သမ္ပယုတ္တကာနံ** = ဟိတ် ၆-ပါးနှင့် ယှဉ်ကုန်သော
**ဓမ္မာနဉ္စ** = စိတ် စေတသိက်တရားတို့အားလည်းကောင်း၊
**တံ သမုဋ္ဌာနာနံ** = ထို ဟိတ် ၆-ပါးကြောင့် ဖြစ်ကုန်သော၊
**ရူပါနဉ္စ** = စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊
**ဟေတုပစ္စယေန** = အကြောင်းရင်းမူလ ဟေတုပစ္စယသတ္တိဖြင့်၊
**ပစ္စယော ဥပကာရကော** = ကျေးဇူးပြုတတ်သည်၊
**ဟောတိ** = ဖြစ်၏။

၂။ **အာရမ္မဏပစ္စည်း**

**အာရမ္မဏပစ္စယောတိ** = အာရမ္မဏပစ္စည်းဟူသည်ကား -
**ရူပါယတနံ** = ရူပါရုံ အဆင်းဓာတ်သည်၊
**စက္ခုဝိညာဏဓာတုယာစ** = မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' အား လည်းကောင်း၊
**တံ သမ္ပယုတ္တကာနံ** = ထိုမြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' နှင့် ယှဉ်ကုန်သော၊
**ဓမ္မာနဉ္စ** = စေတသိက်တရား ၇-ပါးတို့အား လည်းကောင်း၊
**အာရမ္မဏပစ္စယေန** = အာရမ္မဏပစ္စယသတ္တိဖြင့်၊
**ပစ္စယော ဥပကာရကော** = ကျေးဇူးပြုတတ်သည်၊ **ဟောတိ** = ဖြစ်၏။

(အထက်ပါ ပိုဒ်မှာ ရူပါယတနံ...အပိုဒ် ဖြစ်၏၊ ထိုနည်းတူ သဒ္ဒါယတနံ... မှ ဖောဋ္ဌဗ္ဗာယတနံ... တို့ကို သိပါ။)

**သဒ္ဒါယတနံ** = သဒ္ဒါရုံအသံဓာတ်သည် ကြားသိစိတ်'သောတဝိညာဏဓာတ်' အားလည်းကောင်း . . . ။ပ။
**ဂန္ဓာယတနံ** = ဂန္ဓာရုံ အနံ့ဓာတ်သည် နံသိစိတ် 'ဃာနဝိညာဏဓာတ်' အား လည်းကောင်း . . . ။ပ။
**ရသာယတနံ** = ရသာရုံအရသာဓာတ်သည် လျက်သိစိတ်'ဇိဝှါဝိညာဏဓာတ်' အားလည်းကောင်း . . . ။ပ။
**ဖောဋ္ဌဗ္ဗာယတနံ** = ဖောဋ္ဌဗ္ဗာရုံအတွေ့အထိဓာတ်သည် ထိသိစိတ်'ကာယဝိညာဏဓာတ်'အားလည်းကောင်း . . . ။ပ။

**ရူပါယတနံ**=အဆင်း'ရူပါရုံ' သည်လည်းကောင်း၊ **သဒ္ဒါယတနံ**=အသံ'သဒ္ဒါရုံ'သည်လည်းကောင်း၊ **ဂန္ဓာယတနံ** = အနံ့'ဂန္ဓာရုံ' သည်လည်းကောင်း၊ **ရသာယတနံ** = အရသာ'ရသာရုံ' သည်လည်းကောင်း၊ **ဖောဋ္ဌဗ္ဗာယတနံ**= အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' သည်လည်းကောင်း၊

**မနောဓာတုယာ စ** = အာရုံဟူ၍ သိရုံမျှ ဝိုးတဝါးသိမှု မနောဓာတ်အားလည်းကောင်း၊
**တံသမ္ပယုတ္တကာနံ** = ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော
**ဓမ္မာနဉ္စ** = စေတသိက်တရား ၁၀-ပါးတို့အားလည်းကောင်း၊
**အာရမ္မဏပစ္စယေန** . . . ။ ပ ။ **ပစ္စယော ဥပကာရကော** = . . . **ဟောတိ** = . . . ။

WWW.DHAMMARANSI.COM



| | | |
|---|---|---|
| **သမ္ပေ** | = | ခပ်သိမ်းကုန်သော၊ |
| **ဓမ္မာ** | = | အာရုံ ၆-ပါး အကြောင်းတရားတို့သည်၊ |
| **မနောဝိညာဏဓာတုယာ စ** | = | ကြံသိစိတ် 'မနောဝိညာဏဓာတ်' အားလည်းကောင်း၊ |
| **တံ သမ္ပယုတ္တကာနံ** | = | ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊ |
| **ဓမ္မာနဉ္စ** | = | စေတသိက်တရားတို့အားလည်းကောင်း၊ |

**အာရမ္မဏပစ္စယေန . . .** ။ ပ ။ **ပစ္စယော ဥပကာရကော = . . . ဟောတိ = . . .** ။

| | | |
|---|---|---|
| **ယံ ယံ ဓမ္မံ** | = | အကြင် အကြင်သို့သော အာရုံ ၆-ပါး ပစ္စည်းတရားတို့ကို၊ |
| **အာရဗ္ဘ** | = | အာရုံပြု၍၊ |
| **စိတ္တစေတသိကာ** | = | စိတ် စေတသိက် ဖြစ်ကုန်သော၊ |
| **ယေ ယေ ဓမ္မာ** | = | အကြင် အကြင်သို့သော ပစ္စယုပ္ပန်သဘောတရားတို့သည်၊ |
| **ဥပ္ပဇ္ဇန္တိ** | = | ဖြစ်ကြကုန်၏၊ |
| **တေ တေ ဓမ္မာ** | = | ထိုထိုသို့သော အာရုံ ၆-ပါး ပစ္စည်းတရားတို့သည်၊ |
| **တေသံ တေသံ ဓမ္မာနံ** | = | ထိုထိုသို့သော စိတ်စေတသိက် ပစ္စယုပ္ပန်တရားတို့အား၊ |

**အာရမ္မဏပစ္စယေန** = . . . ၊ **ပစ္စယော ဥပကာရကော** = . . . ၊ **ဟောတိ** = . . . ။

မှတ်ချက် ။ ။ ဤနောက်ပိုင်းမှ စ၍ ''ပစ္စယေန...၊ ပစ္စယော ဥပကာရကော ...။ ဟောတိ ..။'' တို့ကို သိလွယ်ပြီ။)

## ၃။ အဓိပတိပစ္စည်း

### (က) သဟဇာတာဓိပတိ

| | | |
|---|---|---|
| **အဓိပတိပစ္စယောတိ** | = | အဓိပတိပစ္စည်း ဟူသည်ကား - |
| **ဆန္ဒာဓိပတိ** | = | အကြီးအမှူး ဆန္ဒသည်၊ |
| **ဆန္ဒသမ္ပယုတ္တကာနံ** | = | ဆန္ဒနှင့် ယှဉ်ကုန်သော၊ |
| **ဓမ္မာနဉ္စ** | = | ဒွိဟိတ်ဇော တိဟိတ်ဇော စိတ်စေတသိက်တရားတို့အား လည်းကောင်း |
| **တံ သမုဋ္ဌာနာနံ** | = | ထိုဆန္ဒကြောင့် ဖြစ်ကုန်သော၊ |
| **ရူပါနဉ္စ** | = | စိတ္တဇရုပ်တို့အားလည်းကောင်း၊ |
| **အဓိပတိပစ္စယေန** | = | အကြီးအမှူးဖြစ်သော အဓိပတိပစ္စယသတ္တိဖြင့်၊ ☸ |

(အထက်ပါ ☸ ပိုဒ်မှာ ဆန္ဒာဓိပတိ...အပိုဒ် ဖြစ်၏၊ ထိုနည်းတူ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိ... တို့ကို သိပါ။)

### (ခ) အာရမ္မဏာဓိပတိ

| | | |
|---|---|---|
| **ယံ ယံ ဓမ္မံ** | = | အကြင် အကြင် အာရုံ ၆-ပါး ပစ္စည်းတရားကို၊ |
| **ဂရုံကတွာ** | = | အလေးအမြတ်ပြု၍၊ |
| **စိတ္တစေတသိကာ** | = | စိတ်စေတသိက် ဖြစ်ကုန်သော၊ |
| **ယေ ယေ ဓမ္မာ** | = | အကြင် အကြင် ပစ္စယုပ္ပန်တရားတို့သည်၊ |
| **ဥပ္ပဇ္ဇန္တိ** | = | ဖြစ်ကုန်၏။ |
| **တေ တေ ဓမ္မာ** | = | ထိုထို အာရုံ ၆-ပါး ပစ္စည်းတရားတို့သည်၊ |
| **တေသံ တေသံ ဓမ္မာနံ** | = | ထိုထို စိတ်စေတသိက် ပစ္စယုပ္ပန်တရားတို့အား၊ |
| **အဓိပတိပစ္စယေန** | = | အကြီးအမှူးဖြစ်သော အဓိပတိပစ္စယသတ္တိဖြင့်. . . ။ ပ ။ |

WWW.DHAMMARANSI.COM



## ၈။ အနန္တရပစ္စည်း

**အနန္တရပစ္စယောတိ** = အနန္တရပစ္စည်း ဟူသည်ကား -

**စက္ခုဝိညာဏဓာတ် နှင့် မနောဓာတ်၊ မနောဓာတ်နှင့် မနောဝိညာဏဓာတ်**

**စက္ခုဝိညာဏဓာတု** = မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' သည်လည်းကောင်း၊
**တံ သမ္ပယုတ္တကာ** = ထို စက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊
**ဓမ္မာ စ** = စေတသိက်တရား ၇-ပါးတို့သည် လည်းကောင်း၊
**မနောဓာတုယာ စ** = သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်အားလည်းကောင်း၊
**တံ သမ္ပယုတ္တကာနံ** = ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော၊
**ဓမ္မာနဉ္စ** = စေတသိက်တရား ၁၀-ပါးတို့အားလည်းကောင်း၊
**အနန္တရ ပစ္စယေန** = အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်၊

**မနောဓာတု စ** = သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်သည်လည်းကောင်း၊
**တံ သမ္ပယုတ္တကာ** = ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော၊
**ဓမ္မာ စ** = စေတသိက်တရားတို့သည်လည်းကောင်း၊
**မနောဝိညာဏဓာတုယာ စ** = သန္တီရဏဟု ဆိုအပ်သော မနောဝိညာဏဓာတ်အားလည်းကောင်း၊
**တံ သမ္ပယုတ္တကာနံ** = ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊
**ဓမ္မာနဉ္စ** = စေတသိက်တရားတို့အားလည်းကောင်း. . . ။ ပ ။

**သောတဝိညာဏဓာတ် နှင့် မနောဓာတ်၊ မနောဓာတ်နှင့် မနောဝိညာဏဓာတ်**

**စက္ခုဝိညာဏဓာတ် နှင့် မနောဓာတ်၊ မနောဓာတ်နှင့် မနောဝိညာဏဓာတ် အနက်အတိုင်း ဖြစ်၏။**
အထူးမှာ - မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' အစား ကြားသိစိတ် 'သောတဝိညာဏဓာတ်' ဟု ပြောင်းရုံသာ။

**ဃာနဝိညာဏဓာတ် နှင့် မနောဓာတ်၊ မနောဓာတ်နှင့် မနောဝိညာဏဓာတ်**
အထူးမှာ - မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' အစား နံသိစိတ် 'ဃာနဝိညာဏဓာတ်' ဟု ပြောင်းရုံသာ။

**ဇိဝှာဝိညာဏဓာတ် နှင့် မနောဓာတ်၊ မနောဓာတ်နှင့် မနောဝိညာဏဓာတ်**
အထူးမှာ - မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' အစား လျက်သိစိတ် 'ဇိဝှာဝိညာဏဓာတ်' ဟု ပြောင်းရုံသာ။

**ကာယဝိညာဏဓာတ် နှင့် မနောဓာတ်၊ မနောဓာတ်နှင့် မနောဝိညာဏဓာတ်**
အထူးမှာ - မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' အစား ထိသိစိတ် 'ကာယဝိညာဏဓာတ်' ဟု ပြောင်းရုံသာ။

**ပုရိမာ ပုရိမာ** = ရှေးရှေး၌ ဖြစ်ကုန်သော။
**ကုသလာ ဓမ္မာ** = ကုသိုလ်တရားတို့သည်၊
**ပစ္ဆိမာနံ ပစ္ဆိမာနံ** = နောက်နောက်၌ ဖြစ်ကုန်သော။
**ကုသလာနံ ဓမ္မာနံ** = ကုသိုလ်တရားတို့အား. . . ။ ပ ။ ⊛

**ပုရိမာ ပုရိမာ** = ရှေးရှေး၌ ဖြစ်ကုန်သော။
**ကုသလာ ဓမ္မာ** = ကုသိုလ်တရားတို့သည်၊
**ပစ္ဆိမာနံ ပစ္ဆိမာနံ** = နောက်နောက်၌ ဖြစ်ကုန်သော။
**အဗျာကတာနံ ဓမ္မာနံ** = အဗျာကတတရားတို့အား. . . ။ ပ ။ ⊛

(အထက်ပါ ⊛ နှစ်ပိုဒ်မှာ ကုသိုလ်ပိုင်း = ကု-ကု, ကု-ဗျာ ဖြစ်၏။)
(ထိုနည်းတူ အကုသိုလ်ပိုင်း = အကု-အကု, အကု-ဗျာ နှင့်
အဗျာကတပိုင်း = ဗျာ-ဗျာ, ဗျာ-ကု, ဗျာ-အကု တို့ကို သိပါ။)

WWW.DHAMMARANSI.COM



၅။ **သမနန္တရပစ္စည်း** (အနန္တရပစ္စည်းနှင့် တူ၏။ **သမနန္တရ = ကောင်းစွာအခြားမဲ့** - ဤမျှသာ ထူး၏။)

၆။ **သဟဇာတပစ္စည်း**

**သဟဇာတပစ္စယောတိ** = သဟဇာတပစ္စည်း ဟူသည်ကား -
**စတ္တာရော** = လေးပါးကုန်သော၊
**အရူပိနော** = နာမ်တရားဖြစ်ကုန်သော၊
**ခန္ဓာ** = ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့သည်၊
**အညမည်** = အချင်းချင်းအား၊
**သဟဇာတပစ္စယေန** = အတူတကွ ဖြစ်ဖော်ဖြစ်ဖက် အထောက်အပံ့အားဖြင့် ကျေးဇူးပြုတတ်သော သဟဇာတပစ္စယသတ္တိဖြင့်၊

**စတ္တာရော** = လေးပါးကုန်သော၊
**မဟာဘူတာ** = မဟာဘုတ် ၄-ပါးတို့သည်၊
**အညမည်** = အချင်းချင်းအား၊

**ဩက္ကန္တိက္ခဏေ** = ပဋိသန္ဓေခဏ၌၊
**နာမရူပံ** = ပဋိသန္ဓေနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည်၊
**အညမည်** = အချင်းချင်းအား၊

**စိတ္တစေတသိကာ** = စိတ် စေတသိက် ဖြစ်ကုန်သော၊
**ဓမ္မာ** = နာမက္ခန္ဓာတရား ၄-ပါးတို့သည်၊
**စိတ္တသမုဋ္ဌာနာနံ** = စိတ်ကြောင့် ဖြစ်ကုန်သော၊
**ရူပါနံ** = စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား၊

**မဟာဘူတာ** = မဟာဘုတ်ရုပ်တို့သည်၊
**ဥပါဒါရူပါနံ** = ဥပါဒါရုပ်တို့အား၊

**ရူပိနော** = ရုပ်ဖြစ်ကုန်သော၊
**ဓမ္မာ** = ဟဒယဝတ္ထုရုပ်တို့သည်၊
**အရူပီနံ** = နာမ်ဖြစ်ကုန်သော၊
**ဓမ္မာနံ** = ပဋိသန္ဓေနာမ်ခန္ဓာတို့အား၊
**ကိဉ္စိကာလေ** = အချို့သောကာလ၌ (ပဋိသန္ဓေကာလ၌- ကို ဆိုလို၏။)
**သဟဇာတပစ္စယေန** . . . ။ ပ ။ . . . **ပစ္စယော ဥပကာရကော** ။ ပ ။. . .၊ **ဟောတိ** = ဖြစ်၏။
**ကိဉ္စိကာလေ** = အချို့သောကာလ၌ (ပဝတ္တိကာလ၌-ကို ဆိုလို၏။)
**သဟဇာတပစ္စယေန** . . . ။ ပ ။ . . . **ပစ္စယော ဥပကာရကော** ။ ပ ။. . .၊ **န ဟောတိ** = မဖြစ်ပေ။

၇။ **အညမညပစ္စည်း**

**အညမညပစ္စယောတိ** = အညမညပစ္စည်း ဟူသည်ကား -
**စတ္တာရော** = လေးပါးကုန်သော၊
**အရူပိနော** = နာမ်တရားဖြစ်ကုန်သော၊
**ခန္ဓာ** = ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့သည်၊

WWW.DHAMMARANSI.COM



အညမညပစ္စယေန = အချင်းချင်း အထောက်အပံ့ဖြစ်သည့် အညမညပစ္စယသတ္တိဖြင့်၊

စတ္တာရော = လေးပါးကုန်သော၊
မဟာဘူတာ = မဟာဘုတ် ၄-ပါးတို့သည်၊

ဩက္ကန္တိက္ခဏေ = ပဉ္စဝေါကာရ ပဋိသန္ဓေခဏ၌၊
နာမရူပံ = ပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည်၊

၈။ **နိဿယပစ္စည်း**

(က) သဟဇာတနိဿယ

နိဿယပစ္စယောတိ = နိဿယပစ္စည်း ဟူသည်ကား -
စတ္တာရော = လေးပါးကုန်သော၊
အရူပိနော = နာမ်တရားဖြစ်ကုန်သော၊
ခန္ဓာ = ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့သည်၊
အညမညံ = အချင်းချင်းအား၊
နိဿယပစ္စယေန = မှီရာ တည်ရာ နိဿယပစ္စယသတ္တိဖြင့်၊

စတ္တာရော = လေးပါးကုန်သော၊
မဟာဘူတာ = မဟာဘုတ် ၄-ပါးတို့သည်၊
အညမညံ = အချင်းချင်းအား. . .။ ပ ။

ဩက္ကန္တိက္ခဏေ = ပဉ္စဝေါကာရ ပဋိသန္ဓေခဏ၌၊
နာမရူပံ = ပဋိသန္ဓေနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည်၊
အညမညံ = အချင်းချင်းအား. . .။ ပ ။

စိတ္တစေတသိကာ = စိတ်စေတသိက် ဖြစ်ကုန်သော၊
ဓမ္မာ = နာမက္ခန္ဓာတရား ၄-ပါးတို့သည်၊
စိတ္တသမုဋ္ဌာနာနံ = စိတ်ကြောင့် ဖြစ်ကုန်သော၊
ရူပါနံ = စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား၊

မဟာဘူတာ = မဟာဘုတ်ရုပ်တို့သည်၊
ဥပါဒါရူပါနံ = ဥပါဒါရုပ်တို့အား၊

(ခ) ပုရေဇာတနိဿယ

စက္ခာယတနံ = စက္ခုပသာဒရုပ် မျက်စိအကြည်သည်၊
စက္ခုဝိညာဏဓာတုယာ စ = မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' အားလည်းကောင်း၊
တံ သမ္ပယုတ္တကာနံ = ထို မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' နှင့် ယှဉ်ကုန်သော၊
ဓမ္မာနဉ္စ = စေတသိက်တရား ၇-ပါးတို့အားလည်းကောင်း၊

သောတာယတနံ = သောတပသာဒရုပ် နားအကြည်သည်၊
သောတဝိညာဏဓာတုယာ စ = ကြားသိစိတ် 'သောတဝိညာဏဓာတ်' အားလည်းကောင်း၊
တံ သမ္ပယုတ္တကာနံ = ထို ကြားသိစိတ် 'သောတဝိညာဏဓာတ်' နှင့် ယှဉ်ကုန်သော၊

WWW.DHAMMARANSI.COM



| | | |
|---|---|---|
| ဓမ္မာနဥ္စ | = | စေတသိက်တရား ၇-ပါးတို့အားလည်းကောင်း၊ |

| | | |
|---|---|---|
| ဃာနာယတနံ | = | ဃာနပသာဒရုပ် နှာခေါင်းအကြည်သည်၊ |
| ဃာနဝိညာဏဓာတုယာ စ | = | နံသိစိတ် 'ဃာနဝိညာဏဓာတ်' အားလည်းကောင်း၊ |
| တံ သမ္ပယုတ္တကာနံ | = | ထိုနံသိစိတ် 'ဃာနဝိညာဏဓာတ်'နှင့် ယှဉ်ကုန်သော၊ |
| ဓမ္မာနဥ္စ | = | စေတသိက်တရား ၇-ပါးတို့အားလည်းကောင်း၊ |

| | | |
|---|---|---|
| ဇိဝှာယတနံ | = | ဇိဝှာပသာဒရုပ် လျှာအကြည်သည်၊ |
| ဇိဝှာဝိညာဏဓာတုယာ စ | = | လျက်သိစိတ် 'ဇိဝှာဝိညာဏဓာတ်' အားလည်းကောင်း၊ |
| တံ သမ္ပယုတ္တကာနံ | = | ထို လျက်သိစိတ် 'ဇိဝှာဝိညာဏဓာတ်' နှင့် ယှဉ်ကုန်သော၊ |
| ဓမ္မာနဥ္စ | = | စေတသိက်တရား ၇-ပါးတို့အားလည်းကောင်း၊ |

| | | |
|---|---|---|
| ကာယာယတနံ | = | ကာယပသာဒရုပ် ကိုယ်အကြည်သည်၊ |
| ကာယဝိညာဏဓာတုယာ စ | = | ထိသိစိတ် 'ကာယဝိညာဏဓာတ်' အားလည်းကောင်း၊ |
| တံ သမ္ပယုတ္တကာနံ | = | ထို ထိသိစိတ် 'ကာယဝိညာဏဓာတ်' နှင့် ယှဉ်ကုန်သော၊ |
| ဓမ္မာနဥ္စ | = | စေတသိက်တရား ၇-ပါးတို့အားလည်းကောင်း၊ |

| | | |
|---|---|---|
| ယံ ရူပံ | = | အကြင် ဟဒယဝတ္ထုရုပ်ကို၊ |
| နိဿာယ | = | အမှီပြု၍၊ |
| မနောဓာတု စ | = | မနောဓာတ်အားလည်းကောင်း၊ |
| မနောဝိညာဏဓာတုယာ စ | = | မနောဝိညာဏဓာတ်အားလည်းကောင်း၊ |
| တံ သမ္ပယုတ္တကာနံ | = | ထို မနောဓာတ် မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊ |
| ဓမ္မာနဥ္စ | = | စေတသိက်တရားတို့အားလည်းကောင်း၊ |

## ၉။ ဥပနိဿယပစ္စည်း

| | | | |
|---|---|---|---|
| | ဥပနိဿယပစ္စယောတိ | = | ဥပနိဿယပစ္စည်း ဟူသည်ကား - |
| (က) | ပုရိမာ ပုရိမာ | = | ရှေးရှေး၌ ဖြစ်ကုန်သော၊ |
| | ကုသလာ ဓမ္မာ | = | ကုသိုလ်တရားတို့သည်၊ |
| | ပစ္ဆိမာနံ ပစ္ဆိမာနံ | = | နောက်နောက်၌ ဖြစ်ကုန်သော၊ |
| | ကုသလာနံ ဓမ္မာနံ | = | ကုသိုလ်တရားတို့အား၊ |
| | ဥပနိဿယပစ္စယေန | = | အားကြီးသော မှီရာ တည်ရာ အထောက်အပံ့အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်၊ ⊙ |
| (ခ) | ပုရိမာ ပုရိမာ | = | ရှေးရှေး၌ ဖြစ်ကုန်သော၊ |
| | ကုသလာ ဓမ္မာ | = | ကုသိုလ်တရားတို့သည်၊ |
| | ပစ္ဆိမာနံ ပစ္ဆိမာနံ | = | နောက်နောက်၌ ဖြစ်ကုန်သော၊ |
| | အကုသလာနံ ဓမ္မာနံ | = | အကုသိုလ်တရားတို့အား၊ |
| | ကေသဥ္စိ | = | အချို့ ⊙ |
| (ဂ) | ပုရိမာ ပုရိမာ | = | ရှေးရှေး၌ ဖြစ်ကုန်သော၊ |
| | ကုသလာဓမ္မာ | = | ကုသိုလ်တရားတို့သည်၊ |
| | ပစ္ဆိမာနံ ပစ္ဆိမာနံ | = | နောက်နောက်၌ ဖြစ်ကုန်သော၊ |

WWW.DHAMMARANSI.COM



**အဗျာကတာနံ ဓမ္မာနံ** = အဗျာကတတရားတို့အား၊ ☸

(အထက်ပါ ☸ သုံးပိုဒ်မှာ ကုသိုလ်ပိုင်း = ကု-ကု၊ ကု-အကု၊ ကု-ဗျာ ဖြစ်၏။
ထိုနည်းတူ အကုသိုလ်ပိုင်း = အကု-အကု၊ အကု-ကု၊ အကု-ဗျာ နှင့်
အဗျာကတပိုင်း = ဗျာ-ဗျာ၊ ဗျာ-ကု၊ ဗျာ-အကု တို့ကို သိပါ။)

**ဥတု ဘောဇနမ္ပိ** = ဥတုနှင့် ဘောဇဉ်သည်လည်း၊
**ပုဂ္ဂလောပိ** = ပုဂ္ဂိုလ်သည်လည်း၊
**သေနာသနမ္ပိ** = အိမ် ကျောင်း အိပ်ရာ နေရာသည်လည်း၊

၁၀။ **ပုရေဇာတပစ္စည်း**

**ပုရေဇာတပစ္စယောတိ** = ပုရေဇာတပစ္စည်း ဟူသည်ကား -
**စက္ခာယတနံ** = စက္ခုပသာဒရုပ် မျက်စိအကြည်သည်၊
**စက္ခုဝိညာဏဓာတုယာ စ** = မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' အားလည်းကောင်း၊
**တံ သမ္ပယုတ္တကာနံ** = ထို မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' နှင့် ယှဉ်ကုန်သော၊
**ဓမ္မာနဉ္စ** = စေတသိက်တရား ၇-ပါးတို့အားလည်းကောင်း၊
**ပုရေဇာတပစ္စယေန** = ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယသတ္တိဖြင့်၊

ထိုနည်းတူ
**သောတာယတနံ** = သောတပသာဒရုပ် နားအကြည်သည်. . .။ ပ ။
**ကာယာယတနံ** = ကာယပသာဒရုပ် ကိုယ်အကြည်သည်. . .။ ပ ။ တို့ကို သိပါ။

**ရူပါယတနံ** = အဆင်းရူပါရုံရုပ်သည်၊
**စက္ခုဝိညာဏဓာတုယာ စ** = မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' အားလည်းကောင်း၊
**တံ သမ္ပယုတ္တကာနံ** = ထို မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' နှင့် ယှဉ်ကုန်သော၊
**ဓမ္မာနဉ္စ** = စေတသိက်တရား ၇-ပါးတို့အားလည်းကောင်း၊

ထိုနည်းတူ
**သဒ္ဒါယတနံ** = အသံသဒ္ဒါရုံရုပ်သည်. . .။ ပ ။
**သောတဝိညာဏဓာတုယာ စ** = ကြားသိစိတ် 'သောတဝိညာဏဓာတ်' အားလည်းကောင်း။ ပ ။
**ဖောဋ္ဌဗ္ဗာယတနံ** = တွေ့ထိမှုဖောဋ္ဌဗ္ဗာရုံရုပ်သည်
**ကာယဝိညာဏဓာတုယာ စ** = ထိသိစိတ် 'ကာယဝိညာဏဓာတ်' အားလည်းကောင်း။ ပ ။-တို့ကို သိပါ။

**ရူပါယတနံ** = အဆင်း 'ရူပါရုံ'သည်လည်းကောင်း၊ **သဒ္ဒါယတနံ** = အသံ 'သဒ္ဒါရုံ' သည်လည်းကောင်း၊ **ဂန္ဓာယတနံ** = အနံ့ 'ဂန္ဓာရုံ' သည်လည်းကောင်း၊ **ရသာယတနံ** = အရသာ 'ရသာရုံ' သည်လည်းကောင်း၊ **ဖောဋ္ဌဗ္ဗာယတနံ** = အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' သည်လည်းကောင်း၊

**မနောဓာတုယာ စ** = အာရုံဟူ၍ သိရုံမျှ ဝိုးတဝါးသိမှု မနောဓာတ်အားလည်းကောင်း၊
**တံသမ္ပယုတ္တကာနံ** = ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော
**ဓမ္မာနဉ္စ** = စေတသိက်တရားတို့အားလည်းကောင်း. . .။ ပ ။

**ယံ ရူပံ** = အကြင် ဟဒယဝတ္ထုရုပ်ကို၊
**နိဿာယ** = အမှီပြု၍၊
**မနောဓာတု စ** = မနောဓာတ်အားလည်းကောင်း၊

WWW.DHAMMARANSI.COM



**မနောဝိညာဏဓာတုယာ စ** = မနောဝိညာဏဓာတ်အားလည်းကောင်း၊
**ဝတ္တန္တိ** = ဖြစ်ကုန်၏။
**တံ ရူပံ** = ထိုဟဒယဝတ္ထုရုပ်သည်၊
**မနောဓာတုယာ စ** = မနောဓာတ်အားလည်းကောင်း၊
**တံ သမ္ပယုတ္တကာနံ** = ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော
**ဓမ္မာနဉ္စ** = စေတသိက်တရားတို့အားလည်းကောင်း. . . ။ ပ ။

**မနောဝိညာဏဓာတုယာ စ** = မနောဝိညာဏဓာတ်အားလည်းကောင်း၊
**တံ သမ္ပယုတ္တကာနံ** = ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော
**ဓမ္မာနဉ္စ** = စေတသိက်တရားတို့အားလည်းကောင်း၊
**ကိဉ္စိကာလေ** = အချို့သောကာလ၌ (ပဝတ္တိကာလ၌- ကို ဆိုလို၏။)
**ပုရေဇာတပစ္စယေန . . .** ။ ပ ။ **ပစ္စယော ဥပကာရကော** =ကျေးဇူးပြုတတ်သည်၊ **ဟောတိ** = ဖြစ်၏။
**ကိဉ္စိကာလေ** = အချို့သောကာလ၌ (ပဋိသန္ဓေကာလ၌- ကို ဆိုလို၏။)
**ပုရေဇာတပစ္စယေန . . .** ။ ပ ။ **ပစ္စယော ဥပကာရကော** =ကျေးဇူးပြုတတ်သည်၊ **န ဟောတိ** = မဖြစ်ပေ။

## ၁၁။ ပစ္ဆာဇာတပစ္စည်း

**ပစ္ဆာဇာတပစ္စယောတိ** = ပစ္ဆာဇာတပစ္စည်း ဟူသည်ကား -
**ပစ္ဆာဇာတာ** = နောက်နောက်၌ ဖြစ်ကုန်သော၊
**စိတ္တစေတသိကာ ဓမ္မာ** = စိတ်စေတသိက်တရားတို့သည်၊
**ပုရေဇာတဿ** = ရှေးရှေး၌ ဖြစ်ကုန်သော၊
**ဣမဿ ကာယဿ** = ဤ ဧကဇ ဒွိဇ တိဇ စတုဇ ကာယအား၊
**ပစ္ဆာဇာတပစ္စယေန** = နောက်မှဖြစ်၍ ကျေးဇူးပြုသည့် ပစ္ဆာဇာတပစ္စယသတ္တိဖြင့်၊

## ၁၂။ အာသေဝနပစ္စည်း

**အာသေဝနပစ္စယောတိ** = အာသေဝနပစ္စည်း ဟူသည်ကား -
(က) **ပုရိမာ ပုရိမာ** = ရှေးရှေး၌ ဖြစ်ကုန်သော၊
**ကုသလာ ဓမ္မာ** = ကုသိုလ်တရားတို့သည်၊
**ပစ္ဆိမာနံ ပစ္ဆိမာနံ** = နောက်နောက်၌ ဖြစ်ကုန်သော၊
**ကုသလာနံ ဓမ္မာနံ** = ကုသိုလ်တရားတို့အား၊
**အာသေဝနပစ္စယေန** = အဖန်တလဲလဲ ထုံအပ် ဖြစ်စေအပ်သည့် အာသေဝနပစ္စယသတ္တိဖြင့်၊ ⊙

(အထက်ပါ ⊙ မှာ ကုသိုလ်ပိုင်း = ကု-ကု ဖြစ်၏။
ထိုနည်းတူ အကုသိုလ်ပိုင်း = အကု-အကု နှင့်
အဗျာကတပိုင်း = ဗျာ-ဗျာ တို့ကို သိပါ။)

## ၁၃။ ကမ္မပစ္စည်း

**ကမ္မပစ္စယောတိ** = ကမ္မပစ္စည်း ဟူသည်ကား -
**ကုသလာကုသလံ** = ကုသိုလ် အကုသိုလ် ဖြစ်သော၊
**ကမ္မံ** = နာနာက္ခဏိကစေတနာကံသည်၊
**ဝိပါကာနံ** = အကျိုးဝိပါက် ဖြစ်ကုန်သော၊

WWW.DHAMMARANSI.COM



ခန္ဓာနဉ္စ = နာမက္ခန္ဓာတို့အားလည်းကောင်း၊

ကဋတ္တာ ရူပါနဉ္စ = ကမ္မဇရုပ်တို့အားလည်းကောင်း၊

ကမ္မပစ္စယေန = မျိုးစေ့သဘာဝ ကမ္မပစ္စယသတ္တိဖြင့်၊

စေတနာ = စိတ် ၈၉-ပါး၌ ရှိသော စေတနာ ၈၉-ပါးသည်၊

သမ္ပယုတ္တကာနံ = ယှဉ်ဘက်ဖြစ်ကုန်သော၊

ဓမ္မာနဉ္စ = စိတ်စေတသိက်တရားတို့အားလည်းကောင်း၊

တံ သမုဋ္ဌာနာနံ = ထိုစေတနာကြောင့် ဖြစ်ကုန်သော၊

ရူပါနဉ္စ = စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊

ကမ္မပစ္စယေန = ကမ္မပစ္စယသတ္တိဖြင့်၊ (သဟဇာတကမ္မပစ္စယသတ္တိဖြင့်)

## ၁၄။ ဝိပါကပစ္စည်း

ဝိပါကပစ္စယောတိ = ဝိပါကပစ္စည်း ဟူသည်ကား -

ဝိပါကာ = အကျိုးဝိပါက် ဖြစ်ကုန်သော၊

စတ္တာရော = လေးပါးကုန်သော၊

အရူပိနော = နာမ်ဖြစ်ကုန်သော၊

ခန္ဓာ = ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာတို့သည်၊

အညမည် = အချင်းချင်းအား၊

ဝိပါကပစ္စယေန = အကျိုးဝိပါက်ပစ္စယသတ္တိဖြင့်၊

## ၁၅။ အာဟာရပစ္စည်း

### (က) ရုပ်အာဟာရ

အာဟာရပစ္စယောတိ = အာဟာရပစ္စည်း ဟူသည်ကား -

ကဗဠီကာရော = အလုတ်အလွေ့ကို ပြုတတ်သကဲ့သို့သော၊

အာဟာရော = အာဟာရသည်၊

ဣမဿ = ဤသို့ သဘောရှိသော၊

ကာယဿ = ရူပကာယအား၊

အာဟာရပစ္စယေန = ထောက်ပံ့ခိုင်စေခြင်းအာဟာရပစ္စယသတ္တိဖြင့်၊

### (ခ) နာမ်အာဟာရ

အရူပိနော = နာမ်ဖြစ်ကုန်သော၊

အာဟာရော = ဖဿ, စေတနာ, ဝိညာဏ်တည်းဟူသော နာမ်အာဟာရ ၃-ပါးတို့သည်

သမ္ပယုတ္တကာနံ = ယှဉ်ဘက်ဖြစ်ကုန်သော၊

ဓမ္မာနဉ္စ = စိတ်စေတသိက်တရားတို့အားလည်းကောင်း၊

တံ သမုဋ္ဌာနာနံ = ထိုနာမ်အာဟာရ ၃-ပါးတို့ကြောင့် ဖြစ်ကုန်သော၊

ရူပါနဉ္စ = စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊

## ၁၆။ ဣန္ဒြိယပစ္စည်း

ဣန္ဒြိယပစ္စယောတိ = ဣန္ဒြိယပစ္စည်း ဟူသည်ကား -

စက္ခုန္ဒြိယံ = စက္ခုပသာဒရုပ် မျက်စိအကြည်သည်၊

WWW.DHAMMARANSI.COM



**စက္ခုဝိညာဏဓာတုယာ စ** = မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' အားလည်းကောင်း၊
**တံ သမ္ပယုတ္တကာနံ** = ထို မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' နှင့် ယှဉ်ကုန်သော၊
**ဓမ္မာနဉ္စ** = စေတသိက်တရားတို့အားလည်းကောင်း၊
**ဣန္ဒြိယပစ္စယေန** = အစိုးရသော ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ⊙

ထိုနည်းတူ ⊙
**သောတိန္ဒြိယံ** = သောတပသာဒရုပ် နားအကြည်သည်. . . ။ ပ ။
**ကာယိန္ဒြိယံ** = ကာယပသာဒရုပ် ကိုယ်အကြည်သည်. . . ။ ပ ။ - **တို့ကို သိပါ။**

**ရူပဇီဝိတိန္ဒြိယံ** = ရုပ်ဇီဝိတသည်၊
**ကဋတ္တာရူပါနံ** = ကမ္မဇရုပ်တို့အား၊
**ဣန္ဒြိယပစ္စယေန** = အစိုးရသော။ ပ ။ **ပစ္စယော ဥပကာရကော. .** ။ ပ ။ **ဟောတိ** = ဖြစ်၏။
**အရူပိနော** = နာမ်ဖြစ်ကုန်သော၊
**ဣန္ဒြိယာ** = နာမ်ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ ဟူသော ဣန္ဒြေတို့သည်၊
**တံ သမ္ပယုတ္တကာနံ** = ယှဉ်၍ ဖြစ်ကုန်သော၊
**ဓမ္မာနဉ္စ** = စိတ်စေတသိက်တရားတို့အားလည်းကောင်း၊
**တံ သမုဋ္ဌာနာနံ** = ထိုဣန္ဒြေတို့ကြောင့် ဖြစ်ကုန်သော၊
**ရူပါနဉ္စ** = စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊

၁၇။ **ဈာနပစ္စည်း**
**ဈာနပစ္စယောတိ** = ဈာနပစ္စည်း ဟူသည်ကား -
**ဈာနင်္ဂါနိ** = ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ် စိတ် ၇၉-ပါး၌ ရှိသော ဝိတက်, ဝိစာရ, ပီတိ ဝေဒနာ, ဧကဂ္ဂတာ တည်းဟူသော ဈာနင်တရားကိုယ် ၅-ပါးတို့သည်၊
**ဈာနသမ္ပယုတ္တကာနံ** = ဈာန်နှင့် ယှဉ်ကုန်သော၊
**ဓမ္မာနဉ္စ** = စိတ်စေတသိက်တရားတို့အားလည်းကောင်း၊
**တံ သမုဋ္ဌာနာနံ** = ထိုဈာန်ကြောင့် ဖြစ်ကုန်သော၊
**ရူပါနဉ္စ** = စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊
**ဈာနပစ္စယေန** = ကပ်၍ ရှုတတ်သော ဈာနပစ္စယသတ္တိဖြင့်၊

၁၈။ **မဂ္ဂပစ္စည်း**
**မဂ္ဂပစ္စယောတိ** = မဂ္ဂပစ္စည်း ဟူသည်ကား -
**မဂ္ဂင်္ဂါနိ** = သဟိတ်စိတ် ၇၁-ပါး၌ ရှိသော ပညာ, ဝိတက်, ဝိရတီ-၃, ဝီရိယ, သတိ, ဧကဂ္ဂတာ, မိစ္ဆာဒိဋ္ဌိ တည်းဟူသော မဂ္ဂင်တရားကိုယ် ၉-ပါးတို့သည်၊
**မဂ္ဂသမ္ပယုတ္တကာနံ** = မဂ်နှင့် ယှဉ်ကုန်သော၊
**ဓမ္မာနဉ္စ** = စိတ်စေတသိက်တရားတို့အားလည်းကောင်း၊
**တံ သမုဋ္ဌာနာနံ** = ထိုမဂ္ဂင်ကြောင့် ဖြစ်ကုန်သော၊
**ရူပါနဉ္စ** = စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊
**မဂ္ဂပစ္စယေန** = ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ဆောင်ပို့ ထွက်မြောက်စေသော မဂ္ဂပစ္စယသတ္တိဖြင့်၊

WWW.DHAMMARANSI.COM



**၁၉။ သမ္ပယုတ္တပစ္စည်း**

**သမ္ပယုတ္တပစ္စယောတိ** = သမ္ပယုတ္တပစ္စည်း ဟူသည်ကား -
**စတ္တာရော** = လေးပါးကုန်သော၊
**အရူပိနော** = နာမ်တရားဖြစ်ကုန်သော၊
**ခန္ဓာ** = ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့သည်၊
**သမ္ပယုတ္တပစ္စယေန** = ယှဉ်ခြင်း သမ္ပယုတ္တပစ္စယသတ္တိဖြင့်၊

**၂၀။ ဝိပ္ပယုတ္တပစ္စည်း**

**ဝိပ္ပယုတ္တပစ္စယောတိ** = ဝိပ္ပယုတ္တပစ္စည်း ဟူသည်ကား -
**ရူပိနော** = ရုပ်ဖြစ်ကုန်သော၊
**ဓမ္မာ** = ဝတ္ထုရုပ် ၆-ပါးတို့သည်၊
**အရူပီနံ** = နာမ်ဖြစ်ကုန်သော၊
**ဓမ္မာနံ** = နောက်နောက်၌ ဖြစ်ကုန်စေသော အရူပဝိပါက် ၄-ပါးကြဉ်သော စိတ် ၈၅-ပါး စေတသိက် ၅၂-ပါး, ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့အား၊
**ဝိပ္ပယုတ္တပစ္စယေန** = မယှဉ်ခြင်း ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့်. . . ။ ပ ။

**အရူပိနော** = နာမ်ဖြစ်ကုန်သော၊
**ဓမ္မာ** = အတူတကွဖြစ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ, ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် အရူပဝိပါက် ၄-ပါးကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်၌ ဖြစ်သော စိတ် ၈၅-ပါး နာမက္ခန္ဓာတို့သည်၊
**ရူပီနံ** = ရုပ်ဖြစ်ကုန်သော၊
**ဓမ္မာနံ** = တကွဖြစ်ကြသည့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ရှေ့စိတ္တက္ခဏတစ်ချက်နှင့်အတူ ဥပါဒ်ပြိုင်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယတို့အား. . . ။ ပ ။

**၂၁။ အတ္ထိပစ္စည်း** **၂၄။ အဝိဂတပစ္စည်း** (အတ္ထိပစ္စည်းအတိုင်း၊ **အဝိဂတ = မကင်းသည် ဖြစ်၍**- ဤမျှသာ ထူး၏)

**အတ္ထိပစ္စယောတိ** = အတ္ထိပစ္စည်း ဟူသည်ကား -
**စတ္တာရော** = လေးပါးကုန်သော၊
**အရူပိနော** = နာမ်တရားဖြစ်ကုန်သော၊
**ခန္ဓာ** = ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့သည်၊
**အညမညံ** = အချင်းချင်းအား၊
**အတ္ထိပစ္စယေန** = ထင်ရှားရှိသည်အဖြစ် အတ္ထိပစ္စယသတ္တိဖြင့်၊

**စတ္တာရော** = လေးပါးကုန်သော၊
**မဟာဘူတာ** = မဟာဘုတ် ၄-ပါးတို့သည်၊
**အညမညံ** = အချင်းချင်းအား၊

**ဩက္ကန္တိက္ခဏေ** = ပဉ္စဝေါကာရ ပဋိသန္ဓေခဏ၌၊
**နာမရူပံ** = ပဋိသန္ဓေနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည်၊
**အညမညံ** = အချင်းချင်းအား၊

WWW.DHAMMARANSI.COM



**စိတ္တစေတသိကာ** = စိတ် စေတသိက် ဖြစ်ကုန်သော၊
**ဓမ္မာ** = နာမက္ခန္ဓာတရား ၄-ပါးတို့သည်၊
**စိတ္တသမုဋ္ဌာနာနံ** = စိတ်ကြောင့် ဖြစ်ကုန်သော၊
**ရူပါနံ** = စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား၊

မဟာဘူတာ = မဟာဘုတ်ရုပ်တို့သည်၊
ဥပါဒါရူပါနံ = ဥပါဒါရုပ်တို့အား၊

မှတ်ချက် ။ ။
(၁) **စက္ခာယတနံမှ ဖောဋ္ဌဗ္ဗာယတနံ** ထိသည် ပုရေဇာတပစ္စည်းအတိုင်း ဖြစ်၏၊ "ပုရေဇာတ" နေရာ၌ "အတ္ထိ" ဟု ပြောင်းရုံသာ ထူး၏။
(၂) **"ယံ ရူပံ နိဿာယ"** မှ စ၍ အပြီး ထိသည် နိဿယပစ္စည်းအတိုင်းပင်၊ "နိဿယ"နေရာ၌ "အတ္ထိ" ဟု ပြောင်းရုံသာ ထူး၏။

၂၂။ **နတ္ထိပစ္စည်း**
**နတ္ထိပစ္စယောတိ** = နတ္ထိပစ္စည်း ဟူသည်ကား -
**သမနန္တရနိရုဒ္ဓါ** = မိမိအခြားမဲ့၌ ကောင်းစွာချုပ်ကုန်ပြီးသော၊
**စိတ္တစေတသိကာ** = စိတ်စေတသိက်ဖြစ်ကုန်သော၊
**ဓမ္မာ** = ရဟန္တာတို့၏စုတိစိတ်ကြဉ်သော နာမက္ခန္ဓာတို့သည်၊
**ပဋုပ္ပန္နာနံ** = နောက်ဆက်တစ်ဖန် ဖြစ်ကုန်သော၊
**ဓမ္မာနံ** = ရဟန္တာတို့၏စုတိစိတ်နှင့်တကွ နာမက္ခန္ဓာတို့အား၊
**နတ္ထိပစ္စယေန** = မရှိသည်အဖြစ် နတ္ထိပစ္စယသတ္တိဖြင့်၊

၂၃။ **ဝိဂတပစ္စည်း** (နတ္ထိပစ္စည်းအတိုင်း၊ **ဝိဂတ** = **ကင်းသည်ဖြစ်၍** ဤမျှသာ ထူး၏)

**ပဋ္ဌာန်းမှတ်စုအကျဉ်း ပြီး၏။**